# မာတိကာ


အမှာစကား

ရည်ရွယ်ချက်

Braveheart Foundation

**အခန်း (၁)** နိုင်ငံတော်၏ ဝေါဟာရဖွင့်ဆိုချက်

**အခန်း (၂)** နိုင်ငံသားဖြစ်မှုများကိုလေ့လာခြင်း

**အခန်း (၃)** နိုင်ငံမဲ့ / နိုင်ငံမဲ့ဖြစ်ရခြင်း အကြောင်းရင်းများ

**အခန်း (၄)** ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ

**အခန်း (၅)** အထောက်အထား စာရွက်စာတမ်း လျှောက်ထားမှုလုပ်ငန်းစဉ်များ

**အခန်း (၆)** မြန်မာနိုင်ငံရှိ သက်သေခံကတ်အမျိုးအစားများ

သင်တန်းအတွက် အကြံပြုချက်များ

နမူနာလျှောက်လွှာပုံစံများ (သီးခြား ပံ့ပိုးပေးထားပါသည်)

# အမှာစကား

နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်း (အရပ်အခေါ်အားဖြင့် မှတ်ပုံတင်၊ သန်းခေါင်စာရင်း စသည်) များသည် နိုင်ငံသားတစ်ဦးခံစားခွင့်ရှိသည့် အခွင့်အရေးအမျိုးမျိုးအတွက် မရှိမဖြစ်အရေးပါသည့် အခြေခံ အထောက်အထားတစ်ရပ်ပင် ဖြစ်သည်။ သို့ရာတွင် ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းစစ်တမ်းများအရ မြန်မာနိုင်ငံ၌ လူဦးရေ ၅၁ သန်းခန့်ရှိသည့်အနက် အထောက်ထားစာရွက်စာတမ်းမရှိသူ (မည်သည့်ကတ်မှ ကိုင်ဆောင်မထားသူ) အရေအတွက်မှာ ၂၇.၃၄ ရာခိုင်နှုန်း အရေအတွက်အားဖြင့် ၁၄ သန်းနီးပါး ရှိနေသည်။ မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ လေးပုံတစ်ပုံ ကျော်မျှသည် အထောက်အထားစာရွက်စာတမ်းများ ကိုင်ဆောင်ထားခြင်းမရှိကြသဖြင့် နိုင်ငံမဲ့ဖြစ်သွားနိုင်ခြေ သို့မဟုတ် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးရဖွယ်ရှိနေသည်ဟု ပညာရှင်များက သုံးသပ်ကြသည်။

BRAVEHEART Foundation အနေဖြင့် အထောက်အထားစာရွက်စာတမ်းမရှိသူများအား ဥပဒေဆိုင်ရာ အသိအမြင် ဖွင့်ပေးခြင်း၊ လျှောက်ထားမည့်သူများအား ကူညီဆောင်ရွက်ပေးနိုင်ရန် ဥပဒေအထောက်အကူပြုသူများကို မွေးထုတ်ပေးခြင်း၊ လိုက်ပါကူညီပေးခြင်း၊ ရပ်ရွာလူထုကိုယ်တိုင်ဆောင်ရွက်နိုင်အောင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စသည့်လုပ်ငန်းစဉ် များကို ဆောင်ရွက်လျှက်ရှိပါသည်။ သို့ရာတွင် ဥပဒေဆိုင်ရာ အသိအမြင်ဖွင့်ပေးရမည့် နှင့်/သို့မဟုတ် လိုက်ပါကူညီ ဆောင်ရွက်ပေးရမည့် အရေအတွက်မှာ များပြားလွန်းလှသဖြင့် အခြားသော လူမှုရေးအဖွဲ့အစည်းများ အထူးသဖြင့် ဥပဒေရေးရာစွမ်းဆောင်ရည်များ မြှင့်တင်ပေးနေကြသည့် ဥပဒေအထောက်အကူပြုသူများ (Paralegals) အနေဖြင့် ဤကိစ္စရပ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိမြင်လာရေးမှာ လွန်စွာအရေးကြီးကြောင်း သုံးသပ်မိပါသည်။

ပြည်သူလူထုအနေဖြင့် အထောက်အထားစာရွက်စာတမ်းများ၏ အရေးကြီးမှု၊ အရေးပါမှုကို အမှုမဲ့အမှတ်မဲ့ဖြစ်ကာ အလေးထားဆောင်ရွက်ရန် သတိမထားမိကြပါ။ ထို့အပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (လဝက) လုပ်ထုံးလုပ်နည်းများကို နားမလည်ခြင်း၊ ရုံးဌာနများသို့ ဝင်ထွက်သွားလာမှု မပြုလုပ်ရဲခြင်း၊ လိုအပ်သည့်ထောက်ခံချက် စာရွက်စာတမ်းများ မည်သို့ရယူရမည်ကိုမသိရှိခြင်း စသည့်အချက်များကြောင့် အထောက်အထားစာရွက်စာတမ်းများ လက်ဝယ်ရရှိမှုမှာ ဝေးသထက်ဝေးခဲ့ရသည်။

သို့အတွက်ကြောင့် ဤလမ်းညွှန်စာအုပ်သည် နိုင်ငံသားဖြစ်မှု၊ နိုင်ငံမဲ့ဖြစ်မှု၊ ၁၉၈၂ နိုင်ငံသားဥပဒေတို့နှင့် ပတ်သက်သည့် အသိပညာများအပြင် အထောက်အထားစာရွက်စာတမ်း လျှောက်ထားမှုလုပ်ငန်းစဉ်များကို သာမက စာရွက်စာတမ်းများရယူပုံတို့ကို လိုအပ်သော ထောက်ခံချက် မိမိတို့၏စီမံကိန်းနယ်မြေများရှိ ဒေသခံလူထုအား ပြန်လည် သင်ကြားပေးကြမည့် ဥပဒေအထောက်အကူပြုအဖွဲ့အစည်းများ၊ သင်တန်းဆရာများအတွက် ရည်ရွယ်ပြုစုထားခြင်း ဖြစ်ပါသည်။ သင်ကြားမှုနည်းလမ်းများ၊ ရည်ညွှန်းဖွင့်ဆိုသင့်သည့် ဗဟုသုတအချက်အလက်များကို အတတ်နိုင်ဆုံး အသေးစိတ် ပြုစုပေးထားပါသည်။

ဤလက်စွဲစာအုပ်ဖြစ်မြောက်ရေးအတွက်အဖက်ဖက်မှဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့သော BRAVEHEART Foundation မှ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများ၊ NAMATI အဖွဲ့နှင့် UNHCR အဖွဲ့အစည်းတို့အား အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း .....................။

**BRAVEHEART Foundation**

# ရည်ရွယ်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများအနက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအားလုံး သတ်မှတ်ဥပဒေအတိုင်း နိုင်ငံသားဖြစ်လာစေရန်နှင့် နိုင်ငံသားဥပဒေပါအချက်များကို နိုင်ငံသားတိုင်း နားလည်သဘောပေါက်ပြီး ဥပဒေကို လေးစားလိုက်နာတတ်စေရန်၊ အထောက်အထား စာရွက်စာတမ်းများ၏ အရေးပါမှုကို သိရှိနားလည်ပြီး အလေးထားတတ်လာစေရန်နှင့် အထောက်အထားမဲ့သူအရေအတွက် လျော့နည်းပပျောက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဤသင်ရိုးလမ်းညွှန်စာအုပ်ကို ပြုစုထားခြင်းဖြစ်ပါသည်။

လူမှုရေးအဖွဲ့အစည်းများ အထူးသဖြင့် ဥပဒေရေးရာအထောက်အကူပြုအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ စီမံကိန်းနယ်ပယ်အတွင်းရှိ ဒေသခံလူထုများကို အသိပညာပေးရာတွင် အသုံးပြုနိုင်စေရန် ရေးဆွဲပြုစုထားခြင်းဖြစ်ရာ အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားမှုလုပ်ငန်းစဉ် ဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်း လျှောက်လွှာပုံစံ နမူနာများဖြင့် အသေးစိတ်ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ အမျိုးသမီးနှင့် ကလေးသူငယ်အပါအဝင် အလွှာအသီးသီးမှပုဂ္ဂိုလ်များ နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူနိုင်ရေးတွင် ဤသင်ရိုးလမ်းညွှန်သည် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

# Braveheart Foundation

Braveheart Foundation သည် အကျိုးအမြတ်ရယူခြင်းမရှိသော၊ လူမျိုး၊ ဘာသာ၊ ကျား၊ မ စသည်တို့အပေါ်တွင် ခွဲခြားဆက်ဆံခြင်းမပြုသော ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် လူမှုရေး အသင်းအဖွဲ့မှတ်ပုံတင်အမှတ် (၂/ရန်ကုန်/၁၇၁)ဖြင့် တရားဝင်မှတ်ပုံတင်ထားသည့် Braveheart Foundation သည် နိုင်ငံသား အခွင့်အရေး၊ တိုင်းရင်းသား အခွင့်အရေး၊ မြေယာအခွင့်အရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင်လည်း ဥပဒေပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အမြင်ဖွင့်သင်တန်းများပို့ချခြင်း၊ အကြံဉာဏ်များ ပေးခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ညှိနှိုင်းပေးခြင်း စသည်တို့ကို အဓိကထား၍ ပံ့ပိုးဖြည့်ဆည်း ပေးလျက်ရှိပါသည်။

လတ်တလောတွင် နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူခြင်း လုပ်ငန်းစဉ်များအား ကူညီပံ့ပိုးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ကျိုင်းတုံမြို့နယ်တို့တွင် နယ်မြေခံဥပဒေအထောက်အကူပြုသူ(Paralegals)များ ခန့်ထားပြီး ဒေသခံများအား ပညာပေးခြင်း၊ လျှောက်ထားမှု လုပ်ငန်းစဉ်များအား ပံ့ပိုးကူညီခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ အထောက်အထားမဲ့ဖြစ်နေသူများအတွက် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံသားဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူနိုင်ကြစေရန် Braveheart Foundation သည် အစိုးရအဖွဲ့အစည်းများ၊ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပြည်တွင်း/ပြည်ပမှ အလှူရှင်အဖွဲ့အစည်းများနှင့် မိတ်ဖက်တည်ဆောက်၍ ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိပါသည်။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ အကူအညီရယူလိုသူများအနေဖြင့်လည်း ဆက်သွယ်တောင်းခံနိုင်ပါသည်။


**Braveheart Foundation**

အမှတ် ၁၁၅၁၊ B-2 ၊ သီတာလမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

ဖုန်း - ၀၉ ၂၅၂၂၅ ၄၀၆၄

# အခန်း (၁)

## <u>နိုင်ငံတော် ဆိုသည်မှာ</u>

### ရည်ရွယ်ချက်

"နိုင်ငံတော်" ဟူသော ဝေါဟာရ၏အဓိပ္ပါယ်ကို သိရှိခြင်းဖြင့် နိုင်ငံသားဖြစ်မှု၏ မည်မျှအရေးပါကြောင်းကို သိရှိစေရန်နှင့် ပိုမိုတန်ဖိုးထားတတ်လာစေရန်။

### ရရှိလာမည့်အကျိုးကျေးဇူးများ

- **နိုင်ငံတော်၏ အနက်ဖွင့်ဆိုချက်ကို သိရှိနားလည်လာမည်။**
- **မေးခွန်းများကို စဉ်းစားတတ်လာပြီး နှုတ်ဖြင့်ပြောဆိုခြင်း ၊ ပြန်လည်တင်ပြခြင်းတို့ တတ်ကျွမ်းလာမည်။**

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ၊
- ကလစ်၊
- တိပ်၊
- power point ပြင်ဆင်ထားမှု

*မှတ်ချက်*

**အထက်ပါပေးထားသော ခေါင်းစဉ်နှင့်အချိန်များကို ပရိသတ်အမျိုးအစားပေါ် မူတည်ပြီး အပြောင်းအလဲပြုလုပ်နိုင်သည်။**

**သင်ကြားမည့်နည်းလမ်း**

- အမေးအဖြေပုံစံကိုအသုံးပြုမည်။
- သင်တန်းဆရာမှ ပရိသတ်ကို မေးခွန်းဖြင့်စတင်ပါ။ နိုင်ငံတော်ဆိုတာ ဘာလဲ၊ ဘယ်လိုနားလည်ထားပါသလဲ။ (သင့်သလိုမေးနိုင်သည်)
- ပရိသတ်အား စဉ်းစားချိန် (၅) မိနစ် သတ်မှတ်ပေးပါ။ ပရိသတ်မှ စဉ်းစားမိသမျှ ဖြေထားသောအဖြေကို A0 ဖြင့် မှတ်တမ်းတင်ထားပါ (၅ မိနစ်)။ ဖြေကြားပေးသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်စကား ပြောပေးပါ။
- သင်တန်းဆရာမှ အဖြေကိုတိုက်ရိုက်ပြောပြခြင်းထက် ထပ်မံဖြည့်စွက်ပေးသည့်ဟန်ဖြင့် နိုင်ငံတော်၏ အဓိပ္ပါယ်ကို ရှင်းပြပေးပါ။ (၁၅မိနစ်)
- ရှင်းပြပေးသည့်အခါတွင် အဖြေကို A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ။
- သင်တန်းဆရာမှ စာပိုဒ်လိုက်ဖတ်ပြခြင်းမျိုးထက် အဓိပ္ပါယ်ကို နားလည်အောင် ရှင်းပြပေးပါ။
- ပရိသတ်အမျိုးအစားပေါ် မူတည်၍ နိုင်ငံတကာဗဟုသုတများကိုလည်း အလျဉ်းသင့်သလို ရှင်းပြနိုင်ပါသည်။

| အသိပညာပေးလိုသည့်အကြောင်းအရာ (၁) | ကြာချိန် (၂၅ မိနစ်) |
|---|---|
| **နိုင်ငံတော်(State)ဆိုသည်မှာ**<br>နိုင်ငံတော်ဆိုရာတွင် လူဦးရေ၊ နယ်နိမိတ်၊ အချုပ်အခြာအာဏာနှင့် အသိအမှတ်ပြုခံရမှုဟူသော အင်္ဂါရပ်များနှင့် ပြည့်စုံရမည်။<br><br>**လူဦးရေဆိုသည်မှာ**<br>နယ်မြေတစ်ခုအတွင်း အေးအတူပူအမျှ အတူတကွ နေထိုင်ကြသူများ (နိုင်ငံသားများ)<br>**နယ်နိမိတ်၊ ပိုင်နက်ဆိုသည်မှာ**<br>နိုင်ငံတော်၏ဥပဒေများ ကျင့်သုံးနိုင်သည့်နယ်မြေ (သို့) နိုင်ငံတော်၏ တရားစီရင်မှုအောက်တွင်ရှိသောနယ်မြေ<br>**အချုပ်အခြာအာဏာဆိုသည်မှာ**<br>မိမိပိုင်နက်နယ်မြေအတွင်း ခြွင်းချက်မရှိ ဥပဒေပြဌာန်း၊ အုပ်ချုပ်စီမံခန့်ခွဲနိုင်မှု။<br>ဥပဒေများ ပြဌာန်းနိုင်သည်။ ၄င်းဥပဒေများကို သက်ဝင်စိုးမိုးလာစေနိုင်သည်။ အများပြည်သူဆိုင်ရာ မူဝါဒများ ချမှတ်နိုင်သည်။<br>**အသိအမှတ်ပြုခံရမှု**<br>(နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် နိုင်ငံတကာမှ အသိအမှတ်ပြုမှုကိုလည်း လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ အတွက် ရှိထားသင့်သည့် အထက်ပါအရည်အချင်းများနှင့် ပြည့်စုံသော်ငြား နိုင်ငံတကာမှ အသိအမှတ်ပြုခံရမှု ရရှိရပါဦးမည်။) | **ထိုင်ဝမ်ကိုဥပမာပေးခြင်း**<br>• ထိုင်ဝမ်တွင် လူဦးရေ၊ နယ်နိမိတ်၊ အချုပ်အခြာအာဏာ/အစိုးရ ရှိသော်လည်း တရုတ်ပြည်မကြီး၏ နယ်မြေခွဲတစ်ခုအဖြစ်သာ နိုင်ငံတကာမှ သတ်မှတ်ထားသောကြောင့် ထိုင်ဝမ်နိုင်ငံဟု မခေါ်ဘဲ ထိုင်ဝမ်ကျွန်းဟုသာ ခေါ်တွင်ကြသည်။ |

# အခန်း(၂)

## နိုင်ငံသားဖြစ်မှုများကို လေ့လာခြင်း

၂-၁။ နိုင်ငံသားနှင့် နိုင်ငံသားဖြစ်မှု
၂-၂။ နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများ
၂-၃။ နိုင်ငံသားတစ်ဦးရရှိမည့် အခွင့်အရေးများ

## ၂ - ၁ နိုင်ငံသားနှင့် နိုင်ငံသားဖြစ်မှု

### ရည်ရွယ်ချက်

နိုင်ငံတစ်နိုင်ငံနှင့် လူပုဂ္ဂိုလ်တစ်ဦးအကြား တရားဥပဒေကြောင်းအရတရားဝင်ဆက်နွယ်မှုကို သိရှိစေရန်နှင့် နိုင်ငံသားဟူသော စကားရပ်၏လေးနက်မှုကို သိရှိစေရန်ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးအနေဖြင့် သိရှိထားသင့်သည့် တာဝန်ဝတ္တရားများ၊ နိုင်ငံတော်မှပေးအပ်ထားသည့် နိုင်ငံသားတစ်ဦး၏အခွင့်အရေးများကို သဘောပေါက်နားလည်လာခြင်းဖြင့် နိုင်ငံသားဖြစ်မှုကို အလေးထားတတ်စေရန်၊ နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်စေရန်တို့ကို ရည်ရွယ်ပါသည်။

### အကျိုးကျေးဇူးများ

- **စဉ်းစားဆုံးဖြတ်နိုင်ခြင်း၊**
- **အချင်းချင်းကြား ပိုမိုရင်းနှီးမှုရှိလာခြင်း၊**
- **ပူးပေါင်းဆောင်ရွက်တတ်လာစေခြင်း၊**

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ၊
- ကလစ်၊
- တိပ်၊
- power point ပြင်ဆင်ထားရှိမှု၊
- ခေါင်းစဉ်အားလုံးတွက် လက်ကမ်းစာစောင်များ၊ (NRC ၏ လက်ကမ်းစာစောင်များ အသုံးပြုနိုင်သည်)
- ဒဂုံဆိပ်ကမ်းဗွီဒီယိုဖိုင်အား ပြသရန် (နိုင်ငံသားအခွင့်ရေး)

*မှတ်ချက်*
**ခေါင်းစဉ်တစ်ခုခြင်းအလိုက် သင်ကြားမှုပုံစံများကို ပြောင်းလဲနိုင်ပါသည်။ ပရိသတ်အင်အားပေါ် မူ တည်၍ သတ်မှတ်ချိန်ကိုလည်း ပြောင်းလဲနိုင်သည်။**

**သင်ကြားမည့်နည်းလမ်း**

- သင်တန်းဆရာမှ အရင်ဆုံး **ဟုတ်** ၊ **မဟုတ်၊ မသိ** ဟူသောစာရွက်သုံးရွက်ကို နံရံတွင် ကပ်ထားပါ။
- ပြီးလျှင် ပရိသတ်အားလုံးကို တစ်နေရာတည်းတွင် စုစည်းပါ။
- သင်တန်းဆရာမှ ယခုလက်ရှိ သင်တန်းခန်းမအတွင်းရှိနေသော ပရိသတ်များသည် နိုင်ငံသား ဟုတ်ပါသလားဟု မေးခွန်းမေးပါ။ ပြီးလျှင် မိမိရွေးချယ်လိုသည့် ခေါင်းစဉ်တစ်ခုစီ (ဟုတ်၊ မဟုတ်၊ မသိ)အတွက် စဉ်းစားချိန်ပေးပါ။ ထို့နောက် သင်တန်းသားအချင်းချင်း ဆွေးနွေးအဖြေရှာခိုင်းပါ။
- သင်တန်းဆရာမှ ပရိသတ်အား ခေါင်းစဉ်သုံးခုအနက် မိမိစိတ်ကြိုက်ခေါင်းစဉ်အောက်တွင် နေရာယူခိုင်းပါ။
- လိုအပ်ပါက ရွေးချယ်ထားသည့်ခေါင်းစဉ်ကိုပြောင်းလဲ၍ နေရာယူနိုင်ကြောင်းကိုလည်း ရှင်းပြပေးထားပါ။
- စိတ်ကြိုက်အဖွဲ့ရွေးပြီးပါက ဘာကြောင့်ရွေးရကြောင်းကို တစ်ဖွဲ့ချင်းမှ ရှင်းပြခိုင်းပါ။
- ပရိသတ်၏အဖြေကို သင်တန်းဆရာမှ မှတ်တမ်းရယူထားပါ။
- ဖြေကြားပေးသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်စကား ပြောပေးပါ။ (စုစုပေါင်းကြာချိန် ၂၀ မိနစ်)
- ပြီးမှ နိုင်ငံသားသတ်မှတ်ချက်ကို ရှင်းပြပါ။ (၁၀ မိနစ်)
- အမေရိကန်နှင့် အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံသားသတ်မှတ်ချက်များကိုလည်း ဗဟုသုတအနေဖြင့် ထပ်မံ ရှင်းပြပေးနိုင်သည်။ (၂၀ မိနစ်)
- ပြီးလျှင် နိုင်ငံသားအဖြစ်ကို သွေး/မြေ/နှစ်ခုလုံးနှင့် သတ်မှတ်ပုံတို့ကို အောက်တွင်ပေးထားသော ဗဟုသုတများ အသုံးပြု၍ ရှင်းပြပေးပါ။
- သင်တန်းဆရာမှ အဖြေကို တိုက်ရိုက်ပြောပြခြင်းထက် ထပ်မံဖြည့်စွက်ပေးသည့်ဟန်ဖြင့် နိုင်ငံသား / နိုင်ငံသားဖြစ်မှု တို့၏ အဓိပ္ပါယ်ကို ရှင်းပြပေးပါ။
- ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ)
- စာပိုဒ်လိုက် ဖတ်ပြခြင်းမျိုးထက် အဓိပ္ပါယ်ကိုနားလည်အောင် ရှင်းပြပေးပါ။
- ပရိသတ်အမျိုးအစားပေါ်မူတည်၍ နိုင်ငံတကာဗဟုသုတများကိုလည်း အလျဉ်းသင့်သလို ရှင်းပြနိုင်ပါသည်။
- ပရိသတ်နားလည်မှုကို ပြန်လည်ဆန်းစစ်သည့်အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံသားကို ဘာနှင့်ခွဲသလဲဟု မေးပါ။ မှတ်တမ်းယူထားပါ။ (၁၀ မိနစ်)

| အသိပညာပေးလိုသည့်အကြောင်းအရာ (၂ - ၁) | ကြာချိန် (၆၀ မိနစ်) |
|---|---|
| **နိုင်ငံသားနှင့် နိုင်ငံသားဖြစ်မှု**<br><br>နိုင်ငံတစ်နိုင်ငံ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသူ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ၊ ဓလေ့ထုံးတမ်းများအရ နိုင်ငံမှတရားဝင်တရားစီရင်ခွင့်ရှိသူ၊ နိုင်ငံတော်မှ ပေးသော တာဝန်များ၊ အခွင့်အရေးများ၊ အကာအကွယ် စောင့်ရှောက်ခံခွင့်ရှိသူကို ဆိုလိုသည်။<br><br>ကမ္ဘာပေါ်တွင်<br>နိုင်ငံသားကို သွေးနှင့်ခွဲသောနိုင်ငံနှင့် မြေနှင့်ခွဲသောနိုင်ငံဟူ၍ | <u>**အိမ်နီးချင်းနိုင်ငံများကိုလေ့လာခြင်း**</u><br><br>**ဘင်္ဂလားဒေ့ရှ် (လူဦးရေ ၁၆၇ သန်းကျော်)**<br>ဤ ဥပဒေ(ပါကစ္စတန်နိုင်ငံသားဖြစ်မှု ဥပဒေ) အာ<br>အာဏာ စတင်သက်ရောက်သောနေ့ (၁<br>(၁၃.၄.၁၉၅၁) တွင်<br>ဘင်္ဂလား ဒေ့ရှ်နိုင်ငံအတွင်း၌ နေထိုင်သူ၊ မွေးဖွားသူ<br>သူ အားလုံးသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ဖြ<br>ဖြစ်သည်။ (<br>(သို့သော် ဖခင်သည် ရန်သူနိုင်ငံခြားသားမဖြစ်စေရ။) ပု |

အခြေခံအားဖြင့် နစ်မျိုးရှိသည်။
မြန်မာနိုင်ငံတွင် နိုင်ငံသားကို သွေးနှင့်ခွဲသော်လည်း
အထောက်အထားစာရွက်စာတမ်း ရှိထားမှသာလျှင်
နိုင်ငံသားဟု တရားဝင်သတ်မှတ်နိုင်မည်ဖြစ်သည်။

**မြန်မာ (လူဦးရေ ၅၄ သန်းကျော်)**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား
မိဘနှစ်ပါးမှ မွေးဖွားသူ
(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်
နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ
(ပုဒ်မ ၃၄၅ /၂၀၀၈ ဖွဲ့စည်းပုံ)
**(မြန်မာနိုင်ငံတွင် နှစ်နိုင်ငံသား ခံယူခွင့်မပေးပါ။)**
(ပုဒ်မ ၁၃၊ ၃၁၊ ၅၄ /၈၂)

**အမေရိကန်ပြည်ထောင်စု (လူဦးရေ ၃၂၈ သန်းကျော်)**
အမေရိကန်ပြည်ထောင်စု၊ ၎င်း၏
၎င်း၏တရားစီရင်ပိုင်ခွင့်ရှိသော နယ်မြေတွင်မွေးဖွားသူများ
၊နှင့် မူလ တိုင်းရင်းသားလူမျိုး မျ
များသည် အမေရိကန်နိုင်ငံသားဖြစ်သည်။ အမေရိကန်
ပြင်ပတွင်မွေးသောလူတစ်ဦး၏ မိဘနှစ်ပါးသည် အမေရိကန်
လက်အောက်ခံနိုင်ငံမှ အမေရိကန်နိုင်ငံသားနှစ်ဦးဖြစ်ပြီး
ထိုနှစ်ဦးအနက်တစ်ဦးသည် အမေရိကန်တွင်
နေထိုင်ခဲ့ ဖူးလျှင် ထိုမွေးလာသောကလေးသည် အမေရိကန်
နိုင်ငံသားဖြစ်သည်။ (မိဘမဲ့အနေဖြင့်မွေးဖွားလာသော
ကလေးတစ်ဦးသည်
အမေရိကန်နိုင်ငံအတွင်း မွေးဖွားခဲ့သည် မှ
မှာမှန်ကန်လျှင် ၎င်းသည် အမေရိကန်နိုင်ငံသားဖြစ်သည်)။
အမေရိကန်တွင် **နှစ်နိုင်ငံသား** ခံယူခွင့်ပြုသည်။ (Sec. 201.)
http://uscode.house.gov/statviewer.htm?volume=54&page=1137#

**အင်္ဂလန်နိုင်ငံ (လူဦးရေ ၅၄ သန်းကျော်)**
၃၀.၇.၁၉၄၈ အင်္ဂလန်နိုင်ငံသားဖြစ်မှု ဥပဒေ အာ
အာဏာ စတင်သက်ဝင်ပြီးသောနေ့ တွင်
အင်္ဂလန်နိုင်ငံနှင့် ကိုလိုနီပိုင်နက် အတွင်း
မွေးဖွားသူအားလုံးသည် အင်္ဂလန်နိုင်ငံသား ဖြစ်သည်
(သို့ သော် ဖခင်သည်ရန်သူနိုင်ငံခြားသားမဖြစ်စေရ၊ ရန်
န်သူပိုင်နက်နယ်မြေအတွင်း မွေးဖွားသူမဟုတ်စေရ)။

ပုဒ်မ (၃)တွင် ဖော်ပြထား သည့်အတိုင်း ဤဥ
ဤဥပဒေအာဏာ စတင်သက်ဝင်ပြီးသော
နေ့တွင် မွေးဖွားလာလျှင် ဖခင်သည် ၎င်းမွေးဖွားသည့် အ
အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်လျှင် ထိုသူသည်
ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်သည်။ သတ်မှတ်ချက်များနှင့်
ကိုက်ညီပါက ရွှေ့ပြောင်းလာသူများသည်လည်း
နိုင်ငံသားဖြစ်ခွင့်ရှိသည်။ ၁၉၂၆ ခုနှစ် ပြုနိုင်ငံသား ဥပဒေ
အရလည်း အစိုးရသည် လူတစ်ဦးတစ်ယောက်ကို ပြုနိုင်ငံ
သားအဖြစ်သတ်မှတ်ပေးနိုင်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်
အမေရိကန်ဒေါ်လာ အနည်းဆုံး (၅) သိန်းရင်းနှီးမြှုပ်နှံလျှင်
နိုင်ငံသားလျှောက်ထားခွင့်ရှိသည်။ ထို့ပြင် နိ
နိုင်ငံအတွက် ဂုဏ်ဆောင်ပေးနိုင်သူ ကို
ကိုလည်း ဂုဏ်ထူးဆောင်နိုင်ငံသား ပေးသည်။ ဘဂ
ဘင်္ဂလားဒေ့ရှ်သည်နှစ်နိုင်ငံသားခံယူခွင့်ပြုသည်။
http://bdlaws.minlaw.gov.bd/print_sections_all.php?id=242

**တရုတ် (လူဦးရေ ၁၄၀၀ သန်းကျော်)**
တရုတ်နိုင်ငံအတွင်းမှတရုတ်လူမျိုးစု အားလုံးသည် တရုတ်
နိုင်ငံသားဖြစ်သည်။ တရုတ်မိဘ နှစ်ဦး(သို့)
တစ်ဦးမှ မွေးဖွားသူ မည်သူမဆို နိုင်ငံတွင်း
တွင်မွေးဖွားလျှင် တရုတ် နိုင်ငံသားဖြစ်သည်။
ပြည်ပတွင်မွေးဖွားသူမည်သူမဆို မိဘ
နှစ်ဦး(သို့)တစ်ဦးသည် တရုတ်နိုင်ငံသားဖြစ်လျှင် အဆိုပါ
ကလေးသည် တရုတ်နိုင်ငံသားဖြစ်သည်။ တရုတ်နိုင်ငံ
အတွင်း မိဘမည်သူမည်ဝါမှန်းမသိဘဲ မွေးဖွားလာသူ
တစ်ဦးသည် တရုတ်နိုင်ငံတွင် အခြေချနေထိုင်နေလျှင်
ထိုသူသည်တရုတ်နိုင်ငံသားဖြစ်သည်။ ထို့ပြင် နိုင်ငံခြားသား
များနှင့်နိုင်ငံမဲ့များသည် မိမိသဘောဆန္ဒအလျောက် တရုတ်
နိုင်ငံ၏ဥပဒေများကို လိုက်နာမည်ဆိုလျှင် ဆွေမျိုးနီးစပ်
ရှိလျှင်သော်လည်းကောင်း၊ တရုတ်နိုင်ငံတွင်
အခြေချ နေထိုင်လျှင် သော်လည်းကောင်း၊
ဥပဒေကြောင်းအရ လက်ခံ နိုင်လောက်သော
အကြောင်းပြချက်များ ရှိလျှင်သော် လည်းကောင်း
ထိုသုံးချက်အနက်တစ်ချက်ကိုက်ညီလျှင် ပြုနိုင်သား
လျှောက်ထားနိုင်သည်။ တရုတ်နိုင်ငံတွင်လည်း
မြန်မာနိုင်ငံနည်းတူ **နှစ်နိုင်ငံသား** ခံယူခွင့်မပြုပေ။ (Article 4,5,6)
https://www.gov.hk/en/residents/immigration/chinese/law.htm

| | |
|---|---|
| ဤဥပဒေအာဏာသက်ဝင်ပြီးသောနေ့တွင် မွေးဖွားသူတစ်ဦး၏ ဖခင်သည် ၎င်းမွေးဖွားသောအချိန်တွင်အင်္ဂလန်နိုင်ငံသား (သို့ ) ကိုလိုနီလက်အောက်ခံနိုင်ငံသားဖြစ်လျှင် ထိုမွေးဖွားလာသောသူသည် အင်္ဂလန်နိုင်ငံသားဖြစ်သည် (ကန့်သတ်ချက်များရှိသည်။)<br>အင်္ဂလန်နိုင်ငံသည် **နှစ်နိုင်ငံသား** ခံယူခွင့်ပြုသည်။<br><br>(Part II. Section 4,5)<br><br>http://www.legislation.gov.uk/ukpga/Geo6/11-12/56/enacted | **အိန္ဒိယ (လူဦးရေ ၁၃၀၀ သန်းကျော်)**<br>၂၆.၁.၁၉၅၀ မှ ၁.၇.၁၉၈၇ အတွင်း မွေးဖွားနေထိုင်သူများသည် အိန္ဒိယနိုင်ငံသားများဖြစ်ကြသည်။ ၁.၇.၁၉၈၇ မှ ၃.၁၂.၂၀၀၄ အတွင်း မွေးဖွားလျှင် မိဘတစ်ဦးသည် အိန္ဒိယနိုင်ငံသားဖြစ်လျှင် ထိုမွေးဖွားသူသည် အိန္ဒိယနိုင်ငံသားဖြစ်သည်။ ၃.၁၂.၂၀၀၄ နောက်ပိုင်းတွင် နိုင်ငံအတွင်း မွေးဖွားသူတစ်ဦး၏ မိဘနှစ်ဦးလုံးသည် နိုင်ငံသားဖြစ်လျှင် ထိုကလေးသည် နိုင်ငံသားဖြစ်သည် (သို့ ) တစ်ဦးသည် နိုင်ငံသားဖြစ်ပြီး အခြားတစ်ဦးသည် တရားမဝင်ဝင်ရောက် နေထိုင်သူမဖြစ်စေရ။၂၆.၁.၁၉၅၀ မှ ၁၀.၁၂.၁၉၉၂ ကြားတွင် နိုင်ငံပြင်ပ၌မွေးဖွားလျှင် ဖခင်သည် အိန္ဒိယ နိုင်ငံသား ဖြစ်လျှင် ထိုကလေးသည် အိန္ဒိယနိုင်ငံသား ဖြစ်သည်။ ၂၆.၁.၁၉၅၀ မှ ၁၀.၁၂.၁၉၉၂ မတိုင်မီတွင် အိန္ဒိယပြင်ပတွင် မွေးဖွားခဲ့သူတစ်ဦး၏ မိဘနှစ်ဦးထဲမှ တစ်ဦးသည် မွေးရာပါနိုင်ငံသားဖြစ်လျှင် ထိုမွေးဖွားသော သူသည် အိန္ဒိယနိုင်ငံသားဖြစ်သည်။ ၃.၁၂.၂၀၀၄ နှင့် ၎င်းနောက်ပိုင်း နိုင်ငံပြင်ပတွင်မွေးဖွားသူတစ်ဦးသည် အခြားနိုင်ငံသားခံယူထားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံတွင် မှတ်ပုံတင်ထားလျှင် အိန္ဒိယနိုင်ငံသား ဖြစ်သည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် မှတ်ပုံတင်နိုင်ငံသားဖြစ်ခွင့်ရှိသည်။ အိန္ဒိယတွင် တစ်ဆက်တည်း ၁၂ နှစ် နေထိုင်ခဲ့လျှင် ပြုနိုင်ငံသားလျှောက်ခွင့်ရှိသည်။ (တရားမဝင်ပြောင်းရွှေ့ လာသူများ မပါဝင်ပါ။) အိန္ဒိယနိုင်ငံသည်လည်း မြန်မာနိုင်ငံကဲ့သို့ပင် **နှစ်နိုင်ငံသား** ခံယူခွင့်မပြုပါ။ (Sec3,4)<br><br>https://indiancitizenshiponline.nic.in/acquisition1.htm |

## ၂ - ၂ နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများ

### ရည်ရွယ်ချက်

နိုင်ငံသားတစ်ဦးအနေဖြင့် သိထားသင့်သည့်တာဝန်များ၊ နိုင်ငံတော်မှပေးအပ်ထားသည့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို သိရှိနားလည်ပြီးလျှင် နိုင်ငံသားဖြစ်မှုကို အလေးထားတတ်စေရန်၊ နိုင်ငံသား၏ တာဝန်နှင့် အခွင့်အရေးများကို သိရှိနားလည်ပြီး နိုင်ငံသားအခွင့်အရေးများ အပြည့်ဝရရှိစေရန် ရည်ရွယ်သည်။

### အကျိုးကျေးဇူး

- စုပေါင်းဆောင်ရွက်တတ်လာခြင်း၊
- ခေါင်းဆောင်မှုစွမ်းရည် မြင့်မားလာခြင်း၊
- သင်တန်းသားအချင်းချင်း ပိုမိုနားလည်လာခြင်း၊

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ၊
- ကလစ်၊
- တိပ်၊
- power point ပြင်ဆင်ထားရှိမှု
- (၂-၂) အတွက် သင်တန်းမှတ်စုများ

**သင်ကြားမည့်နည်းလမ်း**

- ❖ သင်တန်းဆရာမှ နိုင်ငံသားတစ်ဦး၏တာဝန်များကို သိပါသလားဟူသောမေးခွန်းဖြင့် စတင်ပါ။
- ❖ ပရိသတ်၏ဖြေကြားမှုကို နားထောင်ပြီးလျှင် သင်တန်းသားများအား နံပါတ်စဉ်ရေပေးပါ။ ပရိသတ်အနည်းအများပေါ် မူတည်၍ ၃ / ၄ ဖွဲ့ ဖွဲ့ခိုင်းပါ။ (၅မိနစ်)
- ❖ စားပွဲဝိုင်းများတွင် A0 ၊ Marker တို့ကို ကြိုတင်ဝေပေးထားပါ။ ပြန်လည်တင်ပြပေးမည့်သူတစ်ဦး ရွေးခိုင်းထားပါ။
- ❖ အုပ်စုတစ်ခုစီတိုင်းအား နိုင်ငံသား၏ တာဂန်များကို အချင်းချင်းဆွေးနွေး၍ A0 တွင် ချရေးခိုင်းပါ။
- ❖ ပရိသတ်အား ဆွေးနွေးချိန် (၁၀ မိနစ်)ပေးပါ။
- ❖ တစ်ဖွဲ့လျှင် ပြန်လည်တင်ပြရန် ပျမ်းမျှအချိန် (၃ မိနစ်)ခန့် သတ်မှတ်ပါ။ (၁၀ မိနစ်)
- ❖ တစ်ဖွဲ့ချင်း၏ တင်ပြချက်များကို သင်တန်းဆရာမှ မှတ်တမ်းယူပါ၊ ဓာတ်ပုံရိုက်၍သော်လည်းကောင်း၊ မိမိနှစ်သက်သည့်ပုံစံဖြင့် မှတ်တမ်းယူနိုင်သည်။
- ❖ ဖြေကြားပေးသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်စကား ပြောပေးပါ။
- ❖ သင်တန်းဆရာမှ အဖြေကို တိုက်ရိုက်ပြောပြခြင်းထက် ထပ်မံဖြည့်စွက်ပေးသည့်ဟန်ဖြင့် နိုင်ငံသား၏ တာဝန်များကို ရှင်းပြပေးပါ။
- ❖ ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ)။ (၂၀ မိနစ်)
- ❖ ပရိသတ်မှ သဘောပေါက်နားလည်မှုကို ပြန်လည်ဆန်းစစ်ပါ။ ယခင်ဆွေးနွေးထားသည့်မှတ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါ။ (၅ မိနစ်)

| အသိပညာပေးလိုသည့်အကြောင်းအရာ (၂ -၂) | ကြာချိန် (၅၀ မိနစ်) |
|---|---|

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၂ အရ နိုင်ငံသားတစ်ဦးသည် အောက်ပါတာဝန်နှင့်အခွင့်အရေးများ ရှိပါသည်။

- (က) နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာရမည်။
- (ခ) နိုင်ငံတော်၏ ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်။
- (ဂ) နိုင်ငံတော်၏ ဥပဒေပါ အခွင့်ရေးများကို ခံစားခွင့်ရှိသည်။

**နိုင်ငံသားတစ်ဦး ထမ်းဆောင်ရမည့်တာဝန်များ**

- ၃၈၃။ နိုင်ငံသားတိုင်းသည် အောက်ပါတို့ကိုစောင့်ထိန်းရန် တာဝန်ရှိသည်။
  - (က) ပြည်ထောင်စုမပြိုကွဲရေး။
  - (ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
  - (ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။
- ၃၈၄။ နိုင်ငံသားတိုင်းသည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။
- ၃၈၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး တို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။
- ၃၈၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။
- ၃၈၇။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံး ညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန် ရှိသည်။
- ၃၈၈။ ခေတ်မီဖွံ့ဖြိုးတိုးတတ်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။
- ၃၈၉။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။
- ၃၉၀။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်။
  - (က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
  - (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
  - (ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊
  - (ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

## ၂ - ၂ နိုင်ငံသားတစ်ဦးရရှိမည့် အခွင့်အရေးများ

### ရည်ရွယ်ချက်

နိုင်ငံသားတစ်ဦးဖြစ်လျှင်ရရှိနိုင်သည့် နိုင်ငံသားအခွင့်ရေးများကို သိရှိစေရန်၊ နိုင်ငံတော်မှပေးအပ်ထားသည့် နိုင်ငံသား တစ်ဦး၏ အခွင့်ရေးများကို သိရှိနားလည်ပြီးလျှင် နိုင်ငံသားဖြစ်မှုကို အလေးထားတတ်စေရန်နှင့် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်။

### အကျိုးကျေးဇူး

- အမှုမဲ့အမှတ်မဲ့ဖြစ်နေသောအချက်များကို သတိထားမိလာခြင်း
- နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို ပိုမိုသိနားလည်လာခြင်း
- တင်ပြဆွေးနွေးမှုစွမ်းရည်များ တိုးတက်လာခြင်း

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ၊
- ကလစ်၊
- တိပ်၊
- power point ပြင်ဆင်ထားရှိမှု၊
- (၂-၃)အတွက် သင်တန်းမှတ်စုများ
- ဒုံဆိပ်ကမ်းဗွီဒီယိုဖိုင်ပြရန်(နိုင်ငံသားအခွင့်ရေး)

*မှတ်ချက်*

ယခုသင်ခန်းစာအား ပရိသတ်အနေအထားပေါ် မူတည်၍ အချိန်ပြောင်းလဲနိုင်သည်။ အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း) ကြိုတင်ပြင်ဆင်ထားရန် **မလိုပါ**။

**သင်ကြားမည့်နည်းလမ်း**

- ❖ သင်တန်းဆရာမှ နိုင်ငံသားအခွင့်အရေးပါအချက်များအားလုံးကို ၃ စုံမှ ၄စုံအထိ ကြိုတင်ပြင်ဆင်ထားပါ။
- ❖ A0 ပေါ်တွင် အခွင့်အရေးသုံးမျိုးခေါင်းစဉ်များကို ရောင်စုံစက္ကူဖြင့် ရေးကပ်ပေးထားပါ။
- ❖ နိုင်ငံသားအခွင့်အရေးသုံးမျိုး၏ ခေါင်းစဉ်များကို သင်တန်းဆရာမှ အရင်ပြောပြထားပါ။
- ❖ သင်တန်းဆရာမှ နိုင်ငံသားတစ်ဦး၏ အခွင့်ရေးများအကြောင်းကို ပရိသတ်အား စတင်မေးမြန်းပါ။
- ❖ ပရိသတ်၏ ဖြေကြားမှုကို နားထောင်ပေးပြီးနောက် အုပ်စုဖွဲ့ဆွေးနွေးနိုင်ရန် နံပါတ်စဉ်ရေတွက်ခြင်းဖြင့် အုပ်စုဖွဲ့ပေးပါ။ ပရိသတ်အနည်းအများပေါ် မူတည်ပြီး ၃ / ၄ ဖွဲ့ ခွဲခိုင်းပါ။
- ❖ စားပွဲဝိုင်းများတွင် A0၊ Marker များ ဝေပေးထားပါ။ ပြန်လည်တင်ပြပေးမည့်သူတစ်ဦးလည်း ရွေးခိုင်းထားပါ။
- ❖ အုပ်စုတစ်စုစီတိုင်းကို နိုင်ငံသားအခွင့်အရေးများနှင့်ဆိုင်သော အချက်အလက်များကို ပြင်ဆင်ထားသည့် စာရွက်များ ပုံချပေးထားပါ။
- ❖ ပရိသတ်အား အချင်းချင်းတိုင်ပင်စေပြီး A0 တွင်ကပ်ပေးထားသော ခေါင်းစဉ်တစ်ခုချင်းအောက်တွင် မိမိအဖွဲ့မှ ရွေးချယ်ထားသည့်အချက်များကို ကပ်ခိုင်းပါ။ (၁၀ မိနစ်)
- ❖ အားလုံးပြီးပါက တစ်ဖွဲ့ချင်းကို ပြန်လည်တင်ပြဆွေးနွေးခိုင်းပါ။
- ❖ တစ်ဖွဲ့လျှင် ပြန်လည်တင်ပြရန် ပျမ်းမျှအချိန် (၃ မိနစ်)ခန့် သတ်မှတ်ပါ။ (၁၀ မိနစ်)
- ❖ တစ်ဖွဲ့ချင်း၏ တင်ပြချက်များကို သင်တန်းဆရာမှ မှတ်တမ်းရယူထားပါ။ ဓာတ်ပုံရိုက်၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မိမိနှစ်သက်သည့်ပုံစံဖြင့် မှတ်တမ်းယူနိုင်သည်။
- ❖ ပရိသတ်၏ဖြေကြားမှုကို အသိအမှတ်ပြု ကျေးဇူးတင်စကား ပြောပေးပါ။
- ❖ သင်တန်းဆရာမှ  နိုင်ငံသား၏အခွင့်အရေးများကို ထပ်မံမရှင်းပြတော့ဘဲ ပရိသတ်၏အဖြေ လွဲမှားနေပါက အဖြေများကို နေရာပြန်ချ အမှန်ပြင်ပေးပါ။ (၂၀မိနစ်)
- ❖ ပရိသတ်၏ သဘောပေါက်နားလည်မှုကို ပြန်လည်ဆန်းစစ်ပါ။ ယခင်ဆွေးနွေးထားသည့်မှတ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါ။ (၅ မိနစ်)

| အသိပညာပေးလိုသည့်အကြောင်းအရာ (၂ - ၃) | | ကြာချိန် (၄၅ မိနစ်) |
|---|---|---|
| **နိုင်ငံရေးအခွင့်အရေး**<br>ရွေးကောက်တင်မြှောက်ခွင့်<br>ရွေးကောက်ခံပိုင်ခွင့်<br>ခုခံကာကွယ်ပိုင်ခွင့်<br>နိုင်ငံရပ်ခြားတွင် ရောက်ရှိနေချိန် အကာကွယ်ရယူပိုင်ခွင့်<br>ပြည်သူ့ရေးရာမူဝါဒကို ဆွေးနွေးခွင့်<br>အသင်းဖွဲ့များ ဖွဲ့စည်းခွင့်နှင့် ပူးပေါင်းပါဝင်ခွင့်<br>အသနားခံပိုင်ခွင့်<br>တရားဥပဒေအရ ဆန္ဒဖော်ထုတ်ခွင့် | **စီးပွားရေးအခွင့်အရေး**<br>ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်<br>အပြန်အလှန်သဘောတူဆောင်ရွက်ခွင့်<br>မိမိနာမည်ဖြင့် မှတ်ပုံတင်နိုင်ခြင်း<br>လိုင်စင်ပြုလုပ်ခွင့်<br>မြေယာပိုင်ဆိုင်ခွင့်<br>တရားဝင် အလုပ်သမားအဖြစ် မှတ်ပုံတင်နိုင်ခြင်း<br>ကိုယ်ပိုင်ဘဏ်စာရင်း ဖွင့်လှစ်နိုင်ခြင်း<br>ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းများ တရားဝင်ထူထောင်နိုင်ခြင်း<br><br>(၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ) | **လူမှုရေးအခွင့်အရေး**<br>ခုခံကာကွယ်ပိုင်ခွင့်<br>လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်<br>လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်<br>မိသားစုထူထောင်ခွင့်<br>ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်<br>လွတ်လပ်စွာလှုပ်ရှားခွင့်<br>လွတ်လပ်စွာပညာသင်ကြားခွင့်<br>တွေ့ဆုံဆွေးနွေးခွင့်<br>အသက်ရှင်သန်ပိုင်ခွင့်<br>အများပြည်သူဆိုင်ရာလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခွင့် |

# အခန်း(၃)

## နိုင်ငံမဲ့ဖြစ်မှု၊ နိုင်ငံမဲ့ဖြစ်ရခြင်း အကြောင်းရင်းများ

၃ - ၁ နိုင်ငံမဲ့ဆိုသည်မှာ

၃ - ၂ နိုင်ငံမဲ့ဖြစ်ခဲ့လျှင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ

၃ - ၃ နိုင်ငံမဲ့ဖြစ်ရခြင်းအကြောင်းရင်းများနှင့် နိုင်ငံမဲ့ပပျောက်ရေးဆောင်ရွက်မှုများ

## ၃ - ၁ နိုင်ငံမဲ့ဆိုသည်မှာ

**ရည်ရွယ်ချက်**

နိုင်ငံမဲ့တစ်ဦး၏ ခံစားရမည့်ဒုက္ခများနှင့် ဆုံးရှုံးရမည့် နိုင်ငံသားအခွင့်အရေးများကို သိနားလည်စေရန်။

**အကျိုးကျေးဇူးများ**

- **နိုင်ငံမဲ့ဖြစ်မှုကို သိရှိနားလည်ခြင်း**
- **နိုင်ငံမဲ့ဖြစ်ရသည့် အကြောင်းရင်းများကို သဘောပေါက်နားလည်ခြင်း**
- **နိုင်ငံမဲ့ဖြစ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များအား သိရှိလာခြင်း**

**သင်ထောက်ကူပစ္စည်းများ**

- စက္ကူချပ်များ၊ မာကာ၊ ကလစ်၊ တိပ်၊
- power point ပြင်ဆင်ထားမှု

**သင်ကြားမည့်နည်းလမ်း**

- နိုင်ငံမဲ့ဆိုတာကို ကြားဖူးပါသလား၊ ဘယ်လိုနားလည်ပါသလဲ စသည့်မေးခွန်းများဖြင့် စတင်ပါ။
- ပရိသတ်၏ အဖြေများကို A0 ဖြင့် မှတ်တမ်းတင်ထားပါ။ (၁၀ မိနစ်)
- ဖြေကြားပေးသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်စကား ပြောပေးပါ။
- သင်တန်းဆရာမှ အဖြေကို တိုက်ရိုက်ပြောပြခြင်းထက် ထပ်မံဖြည့်စွက်ပေးသည့်ဟန်ဖြင့် နိုင်ငံမဲ့ဆိုသော အဓိပ္ပါယ်ကို ရှင်းပြပေးပါ။
- ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ)။ (၁၀ မိနစ်)
- ပရိသတ်မှ သဘောပေါက်နားလည်မှုကို ပြန်လည်ဆန်းစစ်ပါ။ ယခင်ဆွေးနွေးထားသည့်မှတ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါ။
- ပရိသတ်အနေအထားပေါ်မူတည်၍ နိုင်ငံတကာဇာတ်လမ်းဖြစ်ရပ်မှန်များကိုလည်း အလျဉ်းသင့်သလိုရှင်းပြပါ။ (၁၀ မိနစ်)

| အသိပညာပေးလိုသည့်အကြောင်းအရာ (၃ - ၁) ကြာချိန် (၃၀မိနစ်) | |
|---|---|
| <u>နိုင်ငံမဲ့ဆိုသည်မှာ</u><br>နိုင်ငံမဲ့ဖြစ်နေသူဟူသော စကားရပ်သည် မည်သည့်နိုင်ငံကမှ ၎င်း၏တည်ဆဲဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းမခံရသောသူကို ဆိုလိုသည်။<br>*(၁၉၅၄ ခုနှစ်နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေ ဆိုင်ရာ ကွန်ဗင်းရှင်း)*<br><br>*၂၀၀၆ ခုနှစ် UNHCR အစီရင်ခံစာအရ ကမ္ဘာတစ်ဝှမ်း လုံးတွင် နိုင်ငံမဲ့လူဦးရေ ၁၁ သန်းခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။*<br><br>*နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ (Internally Displaced Persons)*<br>*ဒုက္ခသည် (Refugee)*<br>*နိုင်ငံမဲ့ (Statelessness)* | <u>နိုင်ငံမဲ့ဖြစ်မှုနှင့်ပတ်သတ်သည့် ဗဟုသုတများ</u><br>➢ နိုင်ငံမဲ့ဖြစ်မှုအများဆုံးဒေသများမှာ အရှေ့တောင်အာရှ၊ ဥရောပအရှေ့ပိုင်းနှင့် အာဖရိကတိုက်တို့မှ နိုင်ငံအချို့ ဖြစ်သည်။<br>➢ ဂျစ်ပစီလူမျိုးများသည် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကြသူများဖြစ ဖစ်သောကြောင့် နိုင်ငံမဲ့များ ဖြစ်ကြသည်။<br>➢ စစ်ဘေးဒဏ်ကြောင့် အခြားနိုင်ငံများသို့ ပြောင်းရွှေ့ ခိုလှုံနေကြသူအများစုမှာလည်း နိုင်ငံမဲ့ဖြစ်နိုင်ခြေနှင့် ကြုံတွေ့နေရသည်။<br><br>အမေရိကတိုက်ရှိ နိုင်ငံအများစုသည် ယေဘုယျအားဖြင့် နိုင်ငံတွင်း၌ မွေးဖွားသူအားလုံးကို နိုင်ငံသားဖြစ်ခွင့် ပေးထားသဖြင့် နိုင်ငံမဲ့ဖြစ်နေသူနည်းပါးသည်။ (ခြွင်းချက် - နယ်စပ် ဖြတ်ကျော်၍ တရားမဝင် ဝင်ရောက်မှု ပြဿနာများ ရှိနေသေးသည်) |

## ၃ - ၂ နိုင်ငံမဲ့ဖြစ်ခဲ့လျှင်ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များ

### ရည်ရွယ်ချက်

နိုင်ငံမဲ့ဖြစ်ခဲ့လျှင် ဖြ
ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များကိုသိရှိနားလည်ပြီး နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသား တစ်ဦး၏ အခ
အခွင့်ရေးများကို ပိုမိုအလေးထားတတ်စေရန် ရည်ရွယ်ပါသည်။

### အကျိုးကျေးဇူးများ

- နိုင်ငံမဲ့ဖြစ်လျှင် ဖြစ်ပေါ်လာသည့်အကျိုးဆက်များကို သိရှိနားလည်ခြင်း
- နိုင်ငံသားအခွင့်အရေးများကို ပိုမိုအလေးထားတတ်လာခြင်း
- အထောက်အထားစာရွက်စာတမ်း၏ အရေးကြီးပုံကို သိရှိလာခြင်း

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊ မာကာ၊ ကလစ်၊ တိပ်၊
- power point ပြင်ဆင်ထားမှု

**သင်ကြားမည့်နည်းလမ်း**

- နိုင်ငံမဲ့ဖြစ်လျှင်ဖြစ်လာနိုင်သည့်အကျိုးဆက်များကို သိသလောက်ပြောပြပေးပါလားဟု ပြန်လည်မျှဝေခိုင်းသည့် ပုံစံကိုအသုံးပြု၍ မေးခွန်းကိုစတင်ပါ။
- ပရိသတ်၏ အဖြေများကို A0 ဖြင့် မှတ်တမ်းတင်ထားပါ။ (၁၀ မိနစ်)
- ဖြေကြားပေးသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်စကားပြောပေးပါ။
- သင်တန်းဆရာမှ အဖြေကိုတိုက်ရိုက်ပြောပြခြင်းထက် ထပ်မံဖြည့်စွက်ပေးသည့်ဟန်ဖြင့် နိုင်ငံမဲ့ဖြစ်ရခြင်းဖြင့် ရရှိလာနိုင်သောအကျိုးဆက်များကို ရှင်းပြပေးပါ။
- ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ)။ (၁၀ မိနစ်)
- ပရိသတ်မှ သဘောပေါက်နားလည်မှုကို ပြန်လည်ဆန်းစစ်ပါ။ ယခင်ဆွေးနွေးထားသည့်မှတ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါ။
- ပရိသတ်အနေအထားပေါ်မူတည်၍ နိုင်ငံတကာဗဟုသုတများကိုလည်း အလျဉ်းသင့်သလိုရှင်းပြပါ။ (၁၀ မိနစ်)

| အသိပညာပေးလိုသည့်အကြောင်းအရာ (၃ - ၂) | ကြာချိန် (၁၅ မိနစ်) |
|---|---|

နိုင်ငံမဲ့အားလုံးနှင့်သက်ဆိုင်သောအကျိုးဆက်များ

1.Land ownership (မြေယာပိုင်ဆိုင်မှု)
2.Public services (အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများ)
3.Banking access (ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူသုံးစွဲခြင်း)
4.Telecom access (ဆက်သွယ်ရေးဝန်ဆောင်မှုများ ရယူသုံးစွဲခြင်း)
5.Education discrim (ပညာသင်ကြားခွင့် ခွဲခြားခံရခြင်း)
6.Employment discrim (အလုပ်အကိုင်အခွင့်အလမ်းတွင် ခွဲခြားခံရခြင်း)
7.Political rights (ပါတီထောင်ခြင်းစသော နိုင်ငံရေးအခွင့်အလမ်းများမရှိ)
8.Travel documents (ခရီးသွား စာရွက်စာတမ်းကိစ္စ)
9.Vulnerable to traffickers (လူကုန်ကူးခံရရန်အတွက် ပိုမိုလွယ်ကူ)
10.Residency (အခြေချနေထိုင်ခွင့်)
11.Internal Movement (ပြည်တွင်းသွားလာခွင့်)
12.Detention (ဖမ်းဆီးထိန်းသိမ်းခံရခြင်း)

(UNHCR ၏ လက်ကမ်းစာစောင်များမှ ကောက်နှုတ်ထားပါသည်)

## ၃ - ၃ နိုင်ငံမဲ့ဖြစ်ရခြင်းအကြောင်းရင်းများ၊ နိုင်ငံမဲ့ပပျောက်ရေး ဆောင်ရွက်ချက်များ

### ရည်ရွယ်ချက်

နိုင်ငံမဲ့ဆိုသည့်သဘောတရားသည် အမှုမဲ့အမှတ်မဲ့ဖြင့်လည်း ဖြစ်သွားနိုင်ခြေရှိနေသည်။ နိုင်ငံမဲ့ဖြစ်ရခြင်း၏ အခြေခံသဘောတရားများကို သိနားလည်ထားခြင်းဖြင့် နိုင်ငံသားဖြစ်မှုကို ပိုမိုဂရုပြုတတ်စေရန်နှင့် အထောက်အထား စာရွက်စာတမ်းများကို တန်ဖိုးထားတတ်လာစေရန် ရည်ရွယ်ပါသည်။

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ၊
- ကလစ်၊
- တိပ်၊
- power point ပြင်ဆင်ထားမှု၊
- အစိုးရမှကွင်းဆင်းဆောင်ရွက်နေမှုများ ဗွီဒီယိုဖိုင်

**သင်ကြားမည့်နည်းလမ်း**

- ➢ နိုင်ငံမဲ့ဖြစ်ရတဲ့အကြောင်းရင်းတွေက ဘာတွေလဲ၊ ဘယ်လိုနားလည်ပါသလဲ စသည့်မေးခွန်းများဖြင့် စတင်ပါ။
- ➢ ပရိသတ်အား စဉ်းစားချိန် ၅ မိနစ် ပေးပါ။
- ➢ ပရိသတ်၏ အဖြေကို A0 ဖြင့် မှတ်တမ်းတင်ထားပါ။ (၅မိနစ်)
- ➢ ပရိသတ်အားဖြေကြားမှုကို အသိအမှတ်ပြု ကျေးဇူးတင်စကားပြောပေးပါ။
- ➢ သင်တန်းဆရာမှ အဖြေကိုတိုက်ရိုက်ပြောပြခြင်းထက် ထပ်မံဖြည့်စွက်ပေးသည့်ဟန်ဖြင့် နိုင်ငံမဲ့ဖြစ်ရခြင်း အကြောင်းရင်းနှင့် နိုင်ငံမဲ့ပပျောက်ရေးဆောင်ရွက်မှုအကြောင်းကို ရှင်းပြပေးပါ။ (၁၅ မိနစ်)
- ➢ ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ)။
- ➢ စာပိုဒ်လိုက်ဖတ်ပြခြင်းမျိုးထက် အဓိပ္ပါယ်ကိုနားလည်အောင် ရှင်းပြပေးပါ။
- ➢ ပရိသတ်အနေအထားပေါ်မူတည်၍ နိုင်ငံတကာဖဟုသုတများကိုလည်း အလျဉ်းသင့်သလို ရှင်းပြပါ။(၁၀ မိနစ်)
- ➢ နိုင်ငံမဲ့ ပပျောက်ရေးအတွက် အစိုးရမှဆောင်ရွက်နေမှုများကို ဆက်လက်ရှင်းပြပါ။
- ➢ CSOများ၏ ဆောင်ရွက်မှုများကိုလည်း ရှင်းပြပါ။ (၁၅ မိနစ်)
- ➢ နိုင်ငံတကာဆောင်ရွက်မှုများ၊ UNHCR၏ ဆောင်ရွက်မှုများကိုလည်း ထည့်သွင်းပြောကြားနိုင်သည်။

| အသိပညာပေးလိုသည့်အကြောင်းအရာ(၃-၂) | ကြာချိန်(၄၅ မိနစ်) |
|---|---|
| **နိုင်ငံမဲ့ဖြစ်ရခြင်းအကြောင်းရင်းများ**<br><br>နိုင်ငံမဲ့ဖြစ်ရခြင်းအတွက် အကြောင်းရင်းများစွာရှိသည့်အနက် အောက်ပါအချက်များသည် နိုင်ငံမဲ့ဖြစ်မှုကို အဓိကဖြစ်ပေါ် စေသည်။<br>(၁) ဥပဒေများ ဝိရောဓိဖြစ်နေခြင်း<br>(၂) ခွဲခြားဆက်ဆံမှု<br>(၃) နိုင်ငံများ ခွဲထွက်ထူထောင်ခြင်း<br>(၄) ကိုလိုနီလက်အောက်ခံဖြစ်ခဲ့ရခြင်းကြောင့် ရရှိလာသည့် အကျိုးဆက်များ<br>(၅) အာဏာရှင်ဆန်မှုကြောင့် နိုင်ငံသားဖြစ်မှု ဆုံးရှုံးရခြင်း<br>(၆)စီမံအုပ်ချုပ်မှုဆိုင်ရာ အဟန့်အတားများနှင့် စာရွက်စာတမ်း အထောက်အထားမရှိမှု<br>(၇) နိုင်ငံမဲ့မိဘများထံမှ အမွေဆက်ခံရမှု<br>(၈) ဆွေစဉ်မျိုးဆက်အလိုက် အထောက်အထား စာရွက် စာတမ်းများ မရှိခြင်း<br>(၉) မွေးဖွားပြီးနောက် မှတ်ပုံမတင်ထားခြင်း<br>(၁၀) စာရွက်စာတမ်းအထောက်အထား မရှိခြင်း<br>(၁၁) ပင်ရင်းနိုင်ငံ၏ မငြိမ်သက်သော စစ်မက်ရေးရာအခြေအနေ များကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသဖြင့် (နိုင်ငံမဲ့) ဖြစ်နိုင်ခြေရှိခြင်း။<br><br>http://www.institutesi.org/world/causes.php<br><br>မြန်မာနိုင်ငံရှိ ၁၄ သန်းမျှသော (၂၀၁၄ သန်းခေါင်စာရင်းအရ) ပြည်သူလူထုသည် **"အထောက်အထားမဲ့သူ"** များသာ ဖြစ်သဖြင့် **"နိုင်ငံမဲ့"** ဟု တပ်အပ်မဆိုနိုင်သော်ငြား နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှု မှုမှာမူ အတူတူပင်ဖြစ်နေသောကြောင့် မပေါ့ဆသင့်ပေ။ | **နိုင်ငံမဲ့ပပျောက်ရေး ဆောင်ရွက်ချက်များ**<br><br>*အစိုးရမှဆောင်ရွက်မှုများအကျဉ်း*<br><br>သဘာဝဘေးအန္တရာယ်သင့် ဒေသများနှင့် ရပ်ကွက်/ မြို့နယ်များသို့ အထူးစီမံချက်များဖြင့် အိမ်ထောင်စု စာရင်း၊ နိုင်ငံသားကတ် ဖြေလျှော့ဆောင်ရွက်မှုများ လုပ်ဆောင်ပေးခြင်း။ အစိုးရ စာသင်ကျောင်းများတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းပြုလုပ် ပေးခြင်း၊ အထောက်အထား စာရွက်စာတမ်း လျှောက်ထားမှုများအတွက် လိုအပ်ချက်များကို ဖြေလျှော့ပေးခြင်း စသည်တို တို့ ဆောင်ရွက်လျှက် ရှိသည်။<br><br>ထို့အပြင် မွေးဖွားလာသော က ကလေးငယ်များအတွက် မွေးစာရင်းရရှိစေရန် ပံ ပံ့ပိုးပေးခြင်း၊ ကျူးကျော် (တ (တိုးချဲ့ နေရာများတွင် နေထိုင်နေကြသူများ)များအတွက် အ<br><br>အိမ်ထောင်စုစာရင်းနှင့်ညီမျှသော အထောက်အထ အထား စာရွက်စာတမ်းတစ်ခုခု ဖန်တီးပေးခြင်း စသ စသည့်လုပ်ငန်း များကိုလည်း ဆောင်ရွက်နိုင်မည် ည်ဆိုပါက မည်သည့် သက်သေခံကတ်ပြားကိုမှ ကို ကိုင်ဆောင်ထားခြင်းမရှိသူ အဝ အရေအတွက်ကို သိသိသာသာ လျှော့ချပေးနိုင်ပါမည်။<br><br>*<u>CSO ဆောင်ရွက်မှုများအကျဉ်း</u>*<br><br>အထောက်အထားစာရွက်စာတမ်းများအား အများ ပြည်သူလက်လှမ်းမှီစေရန် အသိပညာပေးခြင်း / လုပ်ငန်းစဉ် အဆင့်ဆင့်အကြောင်းကို လမ်းညွှန် ကူညီပေးခြင်း၊ ရပ်ရွာလူထုအတွင်းသို့ အနီးကပ် ဝင်ရောက်၍ အထောက်အထားမဲ့သူများအား ဖော်ထုတ်ခြင်း၊ အချက်အလက်များ စုဆောင်းခြင်း၊ လိုအပ်ချက်များကိုသုံးသပ်၍ အစိုးရအား ပြန်လည် တင်ပြခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေး အတွက် ဝိုင်းဝန်းတောင်းဆိုခြင်း။ |

# အခန်း(၄)

## ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ


၄ - ၁ ဥပဒေများ ပြောင်းလဲလာပုံအဆင့်ဆင့်

၄ - ၂ နိုင်ငံသားအမျိုးမျိုး

၄ - ၃ သတ်မှတ်ချက်၊ စည်းကမ်း၊ ပြစ်ဒဏ်


## ၄ - ၁ ဥပဒေများ ပြောင်းလဲလာပုံအဆင့်ဆင့်

### ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင်ပြဌာန်းခဲ့သော နိုင်ငံသားဆိုင်ရာ ဥပဒေအမျိုးမျိုးနှင့် ပြောင်းလဲလာပုံအဆင့်ဆင့်ကို သိရှိထားခြင်းဖြင့် အခြေခံဗဟုသုတများရရှိထားပြီး
လက်ရှိဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးရာတွင်လည်း အထောက်အကူဖြစ်စေရန်။ ပြင်ဆင်ရန်လိုအပ်သည်ဆိုပါကလည်း အကြံပြုထောက်ပြလိုသည့် အချက်များကို ကြိုတင်စဉ်းစားသုံးသပ်နိုင်ရန်။

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ၊
- ကလစ်၊
- တိပ်၊
- power point ပြင်ဆင်ထားမှု
- ၁၉၈၂ နိုင်ငံသားဥပဒေ

**သင်ကြားမည့်နည်းလမ်း**

- ❖ သင်တန်းနည်းပြမှ ဥပဒေများ၏ ခုနှစ်သက္ကရာဇ်များနှင့် နောက်ခံသမိုင်းအကျဉ်းကို ပီပြင်စွာရှင်းပြပေးရန်။
- ❖ ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ)။
- ❖ စာပိုဒ်လိုက်ဖတ်ပြခြင်းမျိုးထက် အဓိပ္ပါယ်ကိုနားလည်အောင် ရှင်းပြပေးပါ။
- ❖ ပရိတ်သတ်အနေအထားပေါ်မူတည်၍ အခြားဗဟုသုတများကိုလည်း အလျဉ်းသင့်သလို ရှင်းပြနိုင်သည်။

| အသိပညာပေးလိုသည့်အကြောင်းအရာ (၄-၁) | ကြာချိန် (၃၀ မိနစ်) |
|---|---|

- ၁၈၆၄ နိုင်ငံခြားသားများအက်ဥပဒေ
- ၁၉၂၀ မြန်မာနိုင်ငံကူးလက်မှတ် အက်ဥပဒေ
- ၁၉၂၆ မြန်မာနိုင်ငံသားပြုခွင့်အက်ဥပဒေ
- ၁၉၄၀ နိုင်ငံခြားသားများမှတ်ပုံတင်ရေးအက်ဥပဒေ
- ၁၉၄၇ မြန်မာနိုင်ငံလွတ်လပ်ရေးအက်ဥပဒေ
- ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ
- ၁၉၄၇ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ
- ၁၉၄၈ နိုင်ငံခြားသားများမှတ်ပုံတင်ရေးနည်းဥပဒေ
- ၁၉၄၈ မြန်မာနိုင်ငံကူးလက်မှတ် နည်းဥပဒေ
- ၁၉၄၈ ကင်းလွတ်ခွင့် အမိန့် ၄ (နိုင်ငံခြားသားများမှတ်ပုံတင်ရေး အက်ဥပဒေ)
- ၁၉၄၈ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ
- ၁၉၄၈ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်(ရွေးချယ်ရေး) အက်ဥပဒေ
- ၁၉၄၈ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်(ရွေးချယ်ရေး) နည်းဥပဒေ
- ၁၉၄၉ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ
- ၁၉၅၁ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (ချုပ်နှောင်ခြင်း) နည်းဥပဒေ
- ၁၉၅၁ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ
- ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ
- ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ
- ၁၉၈၃ မြန်မာနိုင်ငံသားနည်းဥပဒေ
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

(မှတ်ချက် - မျဉ်းသားထားသော ဥပဒေများသည် ရုပ်သိမ်းပြီးဥပဒေများဖြစ်သည်။)

(***အထူးမှတ်ချက်*** - အထက်ဖော်ပြပါ ဥပဒေများအား ခေါင်းစဉ်များကိုသော်လည်းကောင်း၊ ဥပဒေတစ်ခုချင်း၏ ပါဝင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း အသေးစိတ်ဖတ်ပြနေစရာမလိုပါ။ သို့ရာတွင် ပရိသတ်မှမေးမြန်းလာခဲ့ပါက ပြန်လည်ဖြေကြားပေးနိုင်ရန်အတွက် ဗဟုသုတအလို့ငှာ ဖော်ပြပေးထားခြင်းသာဖြစ်ပါသည်။ အခြေအနေအပေါ်မူတည်၍ သင်တန်းနည်းပြမှ ဉာဏ်ရှိသလိုအသုံးပြုနိုင်ပါသည်။)

## ၄ - ၂ နိုင်ငံသားအမျိုးမျိုး

### ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော မြန်မာနိုင်ငံသားဥပဒေအရ ခွဲခြားသတ်မှတ်ထားသည့် နိုင်ငံသားအမျိုးအစားများကို သိရှိလေ့လာမိစေရန်နှင့် နိုင်ငံသားသုံးမျိုးရှိသည်ကို လေ့လာမိစေရန်။ မြန်မာနိုင်ငံတွင် မျိုးရိုးစဉ်ဆက်အရနိုင်ငံသားနှင့် ဥပဒေအရနိုင်ငံသားများအကြောင်း သိရှိစေရန်။

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ
- ကလစ်၊
- တိပ်၊
- power point
- နိုင်ငံသားဖြစ်မှုအား ဆုံးဖြတ်ချက်ချမှတ်မှု ဇယား (Justice Base)

**သင်ကြားမည့်နည်းလမ်း**

- ➢ ပရိသတ်အား မြန်မာနိုင်ငံတွင် နိုင်ငံသားဘယ်နှစ်မျိုးရှိပါသလဲဟု အရင်မေးပါ။
- ➢ ပရိသတ်၏အဖြေကို မှတ်တမ်းယူထားပါ။
- ➢ ဖြေကြားပေးမှုအတွက် ပရိသတ်အား ကျေးဇူးတင်စကားပြောပါ။
- ➢ ဤသင်ခန်းစာတွင်မူ သင်တန်းဆရာမှ တိုက်ရိုက်ပို့ချသောနည်းကို အသုံးပြုပါမည်။
- ➢ နိုင်ငံသားတစ်မျိုးခြင်းစီကို ရှင်းပြခြင်းထက် သုံးမျိုးလုံးကို နှိုင်းယှဉ်ရှင်းပြပါ။
- ➢ ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ။)
- ➢ စာပိုဒ်လိုက် ဖတ်ပြခြင်းမျိုးထက် အဓိပ္ပါယ်ကိုနားလည်အောင် ရှင်းပြပေးပါ။
- ➢ ပရိသတ်နားလည်မှုကို ပြန်လည်ဆန်းစစ်ပါ။ ထိုသို့ ဆန်းစစ်သည့်အခါတွင် အမေးအဖြေပုံစံမျိုးကို အသုံးပြုပါ။

| အသိပညာပေးလိုသည့်အကြောင်းအရာ (၄ - ၂) ကြာချိန် (၁၅ မိနစ်) | |
| --- | --- |
| ပုဒ်မ (၃) | **မြန်မာနိုင်ငံသားဖြစ်ခြင်း**<br>မြန်မာသက္ကရာဇ် ၁၁၈၅ (ခရစ်-၁၈၂၃) မတိုင်မီမှစ၍ နေထိုင်ခဲ့သော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများ |
| ပုဒ်မ (၅) | တိုင်းရင်းသားတိုင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် မွေးရာပါနိုင်ငံသားများ ဖြစ်သည်။ |
| ပုဒ်မ (၆) | ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်။ *(ပုဒ်မ-၁၈ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းလျှင်မူ ယင်းပုဒ်မအရ အရေးယူခံရမည်။)* |
| ပုဒ်မ (၇) | ပြည်တွင်း/ပြည်ပ၌မွေးဖွားသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည်လည်း နိုင်ငံသားဖြစ်သည်။<br>(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ<br>(ခ) နိုင်ငံသားနှင့် ဧည့်နိုင်ငံသားမိဘမှ မွေးဖွားသူများ<br>(ဂ) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူမိဘမှ မွေးဖွားသူများ<br>(ဃ) ဧည့်နိုင်ငံသား မိဘနှစ်ဦး၏ သား/သမီးနှင့် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ တို့မှ မွေးဖွားသူများ<br>(င) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ဦး၏သား/သမီးနှင့် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ တို့မှ မွေးဖွားသူများ<br>(စ) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ဦး၏ သား/သမီးနှင့် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ တို့မှ မွေးဖွားသူများ |
| ပုဒ်မ (၂၃) | **ဧည့်နိုင်ငံသား (Associate Citizen)**<br>၁၉၄၈-ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေအရ နိုင်ငံသားဖြစ်ခွင့် လျှောက်ထားသူ များသည် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်ပေးနိုင်သည်။ |
| ပုဒ်မ (၄၂) | **နိုင်ငံသားပြုခွင့်ရသူ (Naturalized Citizen)**<br>၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်မတိုင်မီ နိုင်ငံတော်အတွင်းရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံ အတွင်း မွေးဖွားသောသားသမီးများသည် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန်ကျန်နေကြောင်း အထောက်အထားခိုင်လုံစွာဖြင့် နိုင်ငံသားပြုခွင့်ရရန် ဗဟိုအဖွဲ့သို့ လျှောက်ထားနိုင်သည်။ |
| ဗဟုသုတ | ဗဟိုအဖွဲ့ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးမှ ဦးဆောင်သော အဖွဲ့ကိုဆိုလိုသည်။ ထိုအဖွဲ့သည် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ ဟုတ်မဟုတ် ဆုံးဖြတ်ပေးနိုင်ကြောင်း ပရိသတ်အားရှင်းပြရန်။ (နိုင်ငံသားဥပဒေ၊ ပုဒ်မ ၆၇၊ ၆၈) |

# ၄ - ၃ နိုင်ငံသားဥပဒေပါ သတ်မှတ်ချက်၊ စည်းကမ်း၊ ပြစ်ဒဏ်

## ရည်ရွယ်ချက်

နိုင်ငံသားတစ်ဦးဖြစ်မှုသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ နိုင်ငံသားဖြစ်မှုကို မရိုးဖြောင့်သောနည်းဖြင့်ရယူပါက ကျရောက်လာမည့်ပြစ်ဒဏ်များကိုသိရှိပြီး၊ စာရွက်စာတမ်းအတုများ ကိုင်ဆောင်မိခြင်းမှ ရှောင်ရှားနိုင်စေရန်။

## သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊
- မာကာ
- ကလစ်၊
- တိပ်၊
- power point ပြင်ဆင်ထားရှိမှု၊
- သင်တန်းမှတ်စုများ

## သင်ကြားမည့်နည်းလမ်း

- သင်တန်းဆရာမှ နိုင်ငံသားတစ်ဦးဖြစ်ဖို့ရာ ဘယ်လိုသတ်မှတ်ချက်တွေရှိပါသလဲ၊ နိုင်ငံသားဖြစ်ကြောင်း မဟုတ်မမှန်ဖော်ပြလျှင် ပြစ်ဒဏ်တွေရှိပါသလားဟု နိမိတ်ပြမေးခွန်းများ မေးမြန်းပါ။
- သင်တန်းဆရာမှ ပရိသတ်ပြောသမျှကို မှတ်တမ်းတင်ထားပါ။
- သင်တန်းဆရာမှ တိုက်ရိုက်ပို့ချသောနည်းကို အသုံးပြုပါမည်။
- ရှင်းပြပေးသည့်အခါတွင် အဖြေကို (A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ)
- စာပိုဒ်လိုက် ဖတ်ပြခြင်းမျိုးထက် အဓိပ္ပါယ်ကိုနားလည်အောင် ရှင်းပြပေးပါ။
- ပရိသတ်နားလည်မှုကို ပြန်လည်ဆန်းစစ်ပါ။ ထိုသို့ ဆန်းစစ်သည့်အခါတွင် အမေးအဖြေပုံစံမျိုးကို အသုံးပြုပါ။

| အသိပညာပေးလိုသည့်အကြောင်းအရာ (၄-၃) | ကြာချိန်(၃၀ မိနစ်) |
|---|---|
| **သတ်မှတ်ချက်၊ စည်းကမ်း** | ➢ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူသည် အခြားနိုင်ငံသားအဖြစ်ကို ခံယူခွင့်မရှိ။<br>➢ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူသည် နိုင်ငံတော်ပါဝင်သည့် စစ်မက်ကာလ အတွင်း နိုင်ငံသားအဖြစ်မှ စွန့်လွှတ်ခွင့်မရှိ။ (၁၂၊ ၃၂၊ ၅၅ / ၈၂)<br>➢ နိုင်ငံသားတစ်ဦးသည် နိုင်ငံခြားသားတစ်ဦးနှင့် အိမ်ထောင်ကျကာမှုဖြင့် နိုင်ငံသားအဖြစ်မှ အလိုအလျောက် မဆုံးရှုံးစေရ။ (၁၅ / ၈၂)<br>➢ ဧည့်နိုင်ငံသားတစ်ဦးသည် နိုင်ငံသားနှင့် အိမ်ထောင်ပြုကာမှုဖြင့် နိုင်ငံသားအဖြစ် အလိုအလျောက် မဖြစ်စေရ။ (၃၃ / ၈၂)<br>➢ နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် နိုင်ငံသား (သို့) ဧည့်နိုင်ငံသားနှင့် အိမ်ထောင်ပြုကာမှုဖြင့် နိုင်ငံသား (သို့) ဧည့်နိုင်ငံသားအဖြစ် အလိုအလျောက် မရရှိစေရ။ (၅၆/၈၂)<br>➢ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားတစ်ဦးသည် နိုင်ငံတော်မှ အပြီးအပိုင်ထွက်ခွာလျှင် ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူလျှင်ဖြစ်စေ သို့မဟုတ် မှတ်ပုံတင်လျှင်ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံကူးလက်မှတ် (သို့) အလားတူလက်မှတ်ကို ထုတ်ယူလျှင်ဖြစ်စေ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား အဖြစ်မှ ရပ်စဲသည်။ (၁၆၊ ၃၄၊ ၅၇/၈၂)<br>➢ မွေးရာပါနိုင်ငံသားတစ်ဦးကို ပုဒ်မ (၁၆)ပါပြဋ္ဌာန်းချက်နှင့်ငြိစွန်းသဖြင့် နိုင်ငံသားအဖြစ်မှ ရပ်စဲသည့်ကိစ္စမှတပါး အခြားမည်သည့်နေရာတွင်မျှ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း မရှိစေရ။ (၁၇/၈၂)<br>ဧည့်နိုင်ငံသားနှင့် ပြုနိုင်ငံသားတို့သည် -<br>▪ နိုင်ငံစစ်မက်ဖြစ်နေချိန်တွင် ရန်သူနိုင်ငံ(သို့) အဖွဲ့အစည်းများနှင့် ကုန်သွယ်ခြင်း၊ ဆက်သွယ်ခြင်း ပြုလုပ်လျှင် (သို့) အားပေးကူညီလျှင်၊<br>▪ နိုင်ငံတော်၏ လုံခြုံရေး၊ အေးချမ်းသာယာရေးကို ထိပါးမည့်အန္တရာယ်ရှိသည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင်၊<br>▪ နိုင်ငံတော်ကို အကြည်ညိုမဲ့ကြောင်း သို့မဟုတ် သစ္စာမဲ့ကြောင်းကို ကိုယ်အမူအရာဖြင့် ဖြစ်စေ၊ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြသခြင်း၊<br>▪ နိုင်ငံတော်၏လျှို့ဝှက်ကိစ္စအရပ်ရပ်ကို အခြားလူပုဂ္ဂိုလ်၊ နိုင်ငံ၊ အဖွဲ့အစည်းကို သတင်းပေးခြင်း၊ အားပေးကူညီခြင်း ၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ ပြစ်မှုတစ်ခုခုကို ကျူးလွန်သောကြောင့် အနည်းဆုံးထောင်ဒဏ် (၁) နှစ် (သို့) ငွေဒဏ် (၁၀၀၀) ကျပ်ကို အပြစ်ပေးခံရခြင်းမျိုးရှိလျှင် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခံရနိုင်သည်။<br>➢ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားအဖြစ်မှ ရပ်စဲရုပ်သိမ်းခံရသူများသည် မည်သည့် နိုင်ငံသားအမျိုးအစားကိုမှ ပြန်လည်လျှောက်ထားခွင့်မရှိစေရ။ (၂၂၊ ၄၁၊ ၆၄ / ၈၂) |
| **ပြစ်ဒဏ်များ** | ➢ မဟုတ်မမှန်ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ရရှိထားပါက နိုင်ငံသား အ အဖြစ်မှရုပ်သိမ်းခံရမည်။ ထောင်ဒဏ် ၁၀ နှစ်နှင့် ဒဏ်ငွေ ကျပ်ငါးသောင်း။ (၁၈၊ ၃၆၊ ၅၉/ ၈၂)<br>➢ မသမာသောနည်းလမ်းဖြင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် ပြုနိုင်ငံသား လက်မှတ်ကို သူတစ်ဦးရအောင် အားပေးကူညီလျှင် ထောင်ဒဏ်(၇) နှစ်၊ ငွေဒဏ်ကျပ် (၁၀၀၀၀) ကျခံစေရမည်။ (ကိုးကား - ၁၉၈၂ နိုင်ငံသားဥပဒေ အခန်း( ၈ ) ၁၉၊ ၃၇၊ ၆၀/၈၂ )<br>➢ မည်သူမဆို လက်မှတ်အတုပြုလုပ်လျှင်ဖြစ်စေ ထိုသို့ပြုလုပ်ရန်အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်နှင့် ငွေဒဏ်ကျပ်ငါးသောင်း ကျခံစေရမည်။၂၁၊ ၄၀၊ ၆၃ / ၈၂<br>(မှတ်ချက် - ဤပြစ်ဒဏ်အတွက်မှု နိုင်ငံသားသုံးမျိုးလုံးသည် တန်းတူဖြစ်သည်။) |

# အခန်း(၅)

## နိုင်ငံသားကတ်အပါအဝင် အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားမှုလုပ်ငန်းစဉ်များ

၅ - ၁ အသက် (၁၀) နှစ်ပြည့် / (၁၈) နှစ်ပြည့် နိုင်ငံသားကတ် လျှောက်ထားမှု

၅ - ၂ နိုင်ငံသားကတ် ပြောင်းလဲလျှောက်ထားမှု

၅ - ၃ အမျိုးမျိုးသောအခြေအနေပေါ်မူတည်၍ အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားမှု

၅ - ၄ အမည်မှားပြင်ဆင်ခြင်းနှင့် မွေးသက္ကရာဇ်ပြင်ဆင်ခြင်း

၅ - ၅ မွေးစာရင်း လျှောက်ထားမှုအမျိုးမျိုး

## ၅ - ၁ အသက် (၁၀) နှစ်ပြည့် / (၁၈) နှစ်ပြည့် နိုင်ငံသားကတ် လျှောက်ထားမှု

### ရည်ရွယ်ချက်

နိုင်ငံသားဖြစ်မှုအတွက် အဓိကလိုအပ်သော အထောက်အထားစာရွက်စာတမ်းများ လိုအပ်ချက်များကို သိရှိစေရန်နှင့် လျှောက်ထားရာတွင် လွယ်ကူချောမွေ့စေရန်ဖြစ်သည်။

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊ မာကာ၊ ကလစ်၊ တိပ်၊ ရောင်စုံစက္ကူများ
- power point ပြင်ဆင်ထားရှိမှု
- လက်ကမ်းစာစောင်များ
- လျှောက်လွှာပုံစံများ၊ အထောက်အထားစာရွက်စာတမ်း နမူနာများ၊ ဂိမ်းအတွက်လိုအပ်သည့်ပစ္စည်းများ
- ပေါ့ပါးလန်းဆန်းစေပြီး မိမိသင်တန်းနှင့်ကိုက်ညီမည့်ဂိမ်းမျိုး ကစားပေးသင့်ပါသည်။

**သင်ကြားမည့်နည်းလမ်း**

- ❖ သင်တန်းဆရာမှ သင်ကြားမည့်ခေါင်းစဉ်အတွက် A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့် သော်လည်းကောင်း၊ ကြိုတင်ပြင်ဆင်ထားပါ။
- ❖ ပရိသတ်၏ ဗဟုသုတကို အရင်ဆုံးဆန်းစစ်သည့်အနေဖြင့် နိုင်ငံသားကတ်ပြုလုပ်လျှင် လိုအပ်သော စာရွက်စာတမ်းများကို မေးခွန်းပုံစံဖြင့်အရင်မေးပါ။
- ❖ ရလဒ်များအတွက် သင်တန်းဆရာမှ ယခုကဲ့သို့ဆွေးနွေးပေးသည်ကို ကျေးဇူးတင်ကြောင်းပြောကြားပါ။
- ❖ ဆွေးနွေးချက်များတွင် လိုအပ်သည့်အချက်များ ထပ်မံဖြည့်စွက်ပါ။
- ❖ သင်တန်းဆရာမှ အဖြေကိုတိုက်ရိုက်ရှင်းပြသည့်နည်းကို အသုံးပြုပါ။
- ❖ သင်တန်းမှတ်စုများ ဝေပေးပါ။

| အသိပညာပေးလိုသည့်အကြောင်းအရာ (၅ - ၁) | ကြာချိန် (၃၀ မိနစ်) |
|---|---|

**အသက် (၁၀) နှစ်ပြည့် / (၁၈) နှစ်ပြည့် နိုင်ငံသားကတ် လျှောက်ထားမှုအတွက် လိုအပ်သည့်စာရွက်စာတမ်းများ**

- ၁၈ နှစ်ပြည့် နိုင်ငံသားကတ်အတွက် ကာယကံရှင်ကိုယ်တိုင် ဝန်ခံချက်နှင့်အတူ လျှောက်ထားရမည်။
- ၁၀ နှစ်ပြည့် နိုင်ငံသားကတ်အတွက် ကာယယံရှင်နှင့်အတူ မိဘ/အုပ်ထိန်းသူကိုယ်တိုင် လိုက်ပါရမည်။
- ကာယကံရှင်အနေဖြင့် ၀.၈ X ၀.၈ ဓါတ်ပုံ(၆)ပုံ ကို အဖြူအမဲဖြင့် ရိုက်ပါ။ (မျက်မှန်မပါရ)
- မိမိအမည်ပါသော အိမ်ထောင်စုစာရင်း (ပုံစံ ၆၆/၆) မူရင်းနှင့်မိတ္တူ ယူလာပါ။
- အမည်မပါပါက အိမ်ထောင်စုစာရင်းတွင် မိမိအမည်ကိုစတင်ဖြည့်သွင်းနိုင်ရန် လုပ်ဆောင်ပါ။
- မိဘနှစ်ပါးလုံး၏ နိုင်ငံသားကတ် မူရင်းနှင့်မိတ္တူ ယူလာပါ။( မိတ္တူကို A4 ဖြင့် အပေါ်အောက် ဆွဲထားပါ)
- မိဘနှစ်ပါးလုံးတွင် (သို့) တစ်ဦးတွင် နိုင်ငံသားကတ်မရှိခြင်း (သို့) သုံးခေါက်ချိုးကတ်သာ ကိုင်ဆောင်ထားခြင်း (သို့) ပျက်စီးနေခြင်း (သို့) နံပါတ်မမှတ်မိခြင်း စသည့်အခြေနေမျိုးတွင် မိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ကို ဦးစွာလျှောက်ထားရပါမည်။
- မွေးစာရင်း မူရင်းနှင့်မိတ္တူ၊ ကျောင်းထောက်ခံစာမူရင်း ယူလာပါ။
- ကျောင်းမနေဖူးသူများ / ကျောင်းထောက်ခံစာ မရရှိနိုင်သည့်သူများ၊ မွေးစာရင်းမရှိသူများသည် ကျမ်းကျိန်လွှာ (သို့) အပိုင်တိုက်နယ်မှူး၏ လမ်းညွှန်ချက်ဖြင့် ဆက်လက်လုပ်ဆောင်ရမည်။
- သွေးအုပ်စုစစ်ထားသည့်စာရွက် (ပုဂ္ဂလိကဆေးခန်းများ၊ ဒေသန္တရကျန်းမာရေးဌာနများတွင် စစ်၍ရပါသည်)။
- ရပ်ကွက်ထောက်ခံစာပြုလုပ်ပါ။ (အိမ်ထောင်စုလူဦးရေစာရင်း၊ ရွှေ့ပြောင်းလျှောက်လွှာတို့ကို ယူဆောင်သွားပါ။ မှတ်ချက်တွင် - "နိုင်ငံသားကတ်ပြုလုပ်ရန်" ဟု ရေးခိုင်းပါ)။ ရပ်ကွက်ထောက်ခံစာကိုပြ၍ ရဲစခန်းထောက်ခံစာ ဆက်လက်လုပ်ဆောင်ပါ။

**လဝကရုံးရောက်လျှင် ဆောင်ရွက်ပုံအဆင့်ဆင့်**

- အထက်ပါအချက်လက်များပြည့်စုံပါက အိမ်ထောင်စုစာရင်းအမည်ပေါက်သည့်မြို့နယ်ရှိ လဝကရုံးသို့သွားပါ။
- ရုံးသို့ရောက်လျှင် တာဝန်ရှိသူတစ်ယောက်ယောက်ကို နိုင်ငံသားကတ်ပြုလုပ်လိုသည်ဟုပြောပါ။
- ၄င်းတာဝန်ရှိသူမှ ဘယ်ရပ်ကွက်/ ဘယ်ရွာလဲဟုမေးပါက **မိမိအိမ်ထောင်စုစာရင်းရှိလိပ်စာ**ကိုသာ ပြောပါ။
- တာဝန်ရှိသူမှ သက်ဆိုင်ရာတိုက်နယ်မှူးကို လမ်းညွှန်ပေးပါလိမ့်မည်။
- တိုက်နယ်မှူးနှင့်တွေ့ဆုံသောအခါ ပါလာသောစာရွက်စာတမ်းများကိုပြ၍ နိုင်ငံသားကတ်လုပ်လိုကြောင်း ပြောပါ။
- တိုက်နယ်မှူးမှ မိမိတင်ပြလာသောစာရွက်စာတမ်းများကိုစိစစ်ပြီး လိုအပ်ချက်ရှိပါက ပြန်လည်ညွှန်ကြားလိမ့်မည်။
- မိဘ၏နိုင်ငံသားကတ်သည် အခြားမြို့နယ်တွင်ပြုလုပ်ထားပါက ငယ်စာရင်းကို ပြန်၍ မေးစာပို့ရှာခိုင်းတတ်ပါသည်။
- တစ်ခါတစ်ရံ ဌာနချင်းချိတ်ဆက်၍လည်း ဆောင်ရွက်ပေးပါသည်။
- ၄င်းမေးစာများရရှိပါက တိုက်နယ်မှူးမှ လက်ဖွေယူ၍ အမှုလက်ခံပြီး ဒုဦးစီးမှူး (သို့) ဦးစီးမှူးထံသို့ ကာယကံရှင်ကိုယ်တိုင် သွားရောက်ပြီး မှတ်ချက်ယူရပါသည်။
- တိုက်နယ်မှူး၏ စစ်ဆေးတင်ပြချက်များမှန်ကန်ပါက ဒုဦးစီးမှူး/ဦးစီးမှူးမှ မှတ်ချက်ပြု လက်မှတ်ရေးထိုးပေးပါမည်။ တိုက်နယ်မှူးထံတွင်ဖိုင်တွဲပြန်အပ်ပါ။
- တိုက်နယ်မှူးမှ ဦးစီးမှူး၏မှတ်ချက်ကိုရလျှင် နိုင်ကတ်ထုတ်ပေးမည့်ရက်ကို ရက်ချိန်းပေးပါသည်။ (ပုံမှန်ကြာချိန်၂၈ ရက်) (အချို့လဝကရုံးများတွင် အမှုအခြေအနေပေါ် မူတည်၍ နေ့ချင်းပြီးလည်း ဆောင်ရွက်ပေးတတ်သည်။)
- ချိန်းသည့်ရက်ပြည့်သည့်အခါ ကာယကံရှင်ကိုယ်တိုင် အိမ်ထောင်စုစာရင်းမူရင်း ယူသွားပါ။
- တိုက်နယ်မှူးထံတွင်လက်ဖွေနှိပ်၊ လက်မှတ်ထိုး၍ ထုတ်ယူရပါမည်။
- လက်မှတ်မထိုးမီ နိုင်ငံသားကတ်တွင်ပါရှိသည့်အချက်အလက်များ မှန်မမှန်သေချာစွာစစ်ဆေးပြီးမှ လက်ဖွေနှိပ်၊ လက်မှတ်ထိုးပြီး ထုတ်ယူပါ။

မှတ်ချက်

- ကာယကံရှင်၏အဘိုးအဘွားနှင့် သက်ဆိုင်သောသတင်းအချက်အလက်များ အမ အမည်၊ မွေးဖွား/သေဆုံးရာဒေသ၊ နေ့ရက်၊ မွေးသက္ကရာဇ်၊ မှတ်မိလျှင် ကို ကိုင်ဆောင်သောနံပါတ်တစ်ခုခု စသည်တို့ကို မှတ်သားသွားပါ။
- ဤအခြေအနေသည် အထောက်ထားစာရွက်စာတမ်း အားလုံးပြည့်စုံနေသောသူများအတွက်ဖြစ်သည်။
- အထက်ပါ လိုအပ်သောစာရွက်စာတမ်းများထဲမှ တစ်ခု(သို့)တစ်ခုထက်ပို၍ လိုအပ်ချက်ရှိနေသောသူများအတွက် လိုအပ်ချက်ပေါ်မူတည်၍ လုပ်ငန်းစဉ်အပြောင်းအလဲ ရှိနိုင်သည်။
- (နိုင်ငံသားကတ်ထုတ်ပေးရာတွင် ကြာချိန်ရက်အနည်းအများသည် ဌာနချင်းမတူသည့်အတွက် ကွဲလွဲချက်များ ရှိနိုင်သည်။) ပုဒ်မ (၆)၊ (၇) အရ နိုင်ငံသားဖြစ်မည့်သူများသည် အထက်ပါအချက်များအပြင် ကာယကံရှင်၏ အဖိုး အဖွား မိဘများနှင့်ပတ်သက်သည့် အထောက်အထားများ ( ဥပမာ - ကိုင်ဆောင်ခဲ့သော ကတ်အမျိုးအစား၊ နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့ဖူးလျှင် သက်သေခံစာရွက်စာတမ်း၊ နိုင်ငံသားအဖြစ်ခံယူခဲ့ကြောင်း ကျမ်းကျိန်လွှာများ)၊ အခြားရနိုင်သော မွေးဖွားသည့်ဒေသ၊ သေဆုံးရာဒေသ စသည့် ရနိုင်သမျှသတင်းအချက်လက်များ စုဆောင်းထားရန်လိုသည်။ မွေးချင်းမောင်နှမများ၏အချက်အလက်များလည်း လိုအပ်နိုင်သည်။

  မှတ်ချက် - ပုဒ်မ(၆)၊ (၇) အရ နိုင်ငံသားဖြစ်မည့်သူများ (တရုတ်နွယ်၊ အိန္ဒိယနွယ်) သည် မြို့နယ်အဆင့်နှင့်တင် မလုံလောက်ဘဲ ခရိုင်အဆင့်၊ လိုအပ်လျှင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ပြည်ထောင်စုအဆင့်ထိ သွားရောက်ရန်လိုအပ်သည်။ ကြာချိန်သည် လုပ်ငန်းစဉ်ပေါ်မူတည်၍ (၆ လမှ ၁ နှစ် အတွင်း ကြာမြင့်နိုင်သည်)။

# ၅ - ၂ နိုင်ငံသားကတ် ပြောင်းလဲလျှောက်ထားမှု

### (၁) ၁၀ နှစ်ပြည့် နိုင်ငံသားကတ်မှ ၁၈ နှစ်ပြည့် နိုင်ငံသားကတ်သို့ ပြောင်းလဲလျှောက်ထားမှု

- ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။
- ရပ်ကွက်ထောက်ခံစာ ပါရှိရမည်။
- မိဘနှစ်ပါး၏ နိုင်ငံသားကတ် မူရင်းနှင့်မိတ္တူ ပါရမည်။
- ရွှေ့ပြောင်းလျှောက်လွှာ မျိုးရိုးစဉ်ဆက်ဇယား ရယူပါ။
- (၁.၈x ၁.၈)ဓါတ်ပုံ အဖြူအမဲ (၅) ပုံ ရိုက်ထားပါ။ (မျက်မှန်မပါရ)
- အိမ်ထောင်စုစာရင်း (ပုံစံ ၆၆/၆) မူရင်းနှင့်မိတ္တူ ယူလာပါ။
- ယခင်ကိုင်ဆောင်ခဲ့သော ၁၀ နှစ်ပြည့်ကတ် မူရင်းနှင့်မိတ္တူ ယူလာပါ။ (သက်ဆိုင်ရာ လ.ဝ.ကသို့ ပြန်လည်ပေးအပ်ရမည်)။

### (၂) သုံးခေါက်ချိုးကတ်မှ နိုင်ငံသားကတ် ပြောင်းလဲလျှောက်ထားခြင်း

- ကာယကံရှင်ကိုယ်တိုင် လျှောက်ထားရမည်။
- ကာယကံရှင်အနေဖြင့် ၁.၈ X ၁.၈ ဓါတ်ပုံ(၆)ပုံ ကို အဖြူအမဲဖြင့်ရိုက်ပါ။ (မျက်မှန်မပါရ)
- မိမိအမည်ပါသော အိမ်ထောင်စုစာရင်း (ပုံစံ ၆၆/၆) မူရင်းနှင့်မိတ္တူ ယူလာပါ။
- အမည်မပါပါက အိမ်ထောင်စုစာရင်းတွင် မိမိအမည်ကို စတင်ဖြည့်သွင်းနိုင်ရန် လုပ်ဆောင်ပါ။

- မိဘနှစ်ပါးလုံး၏ နိုင်ငံသားကတ် မူရင်းနှင့်မိတ္တူ ယူလာပါ။ (မိတ္တူကို A4 ဖြင့် အပေါ်အောက် ဆွဲထားပါ)
- မိဘနှစ်ပါးလုံးတွင် (သို့) တစ်ဦးတွင် နိုင်ငံသားကတ်မရှိခြင်း (သို့) သုံးခေါက်ချိုးကတ်သာ ကိုင်ဆောင်ထားခြင်း (သို့) ပျက်စီးနေခြင်း (သို့) နံပါတ်မမှတ်မိခြင်း စသည့်အခြေနေမျိုးတွင် မိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ကို ဦးစွာလျှောက်ထားရပါမည်။
- မွေးစာရင်း မူရင်းနှင့်မိတ္တူ၊ ကျောင်းထောက်ခံစာမူရင်း ယူလာပါ။ (ပုံစံ-၁(က) တွင် အုပ်ချုပ်ရေးမှူး လက်မှတ်ပါရမည်။)
- ကျောင်းမနေဖူးသူများ / ကျောင်းထောက်ခံစာ မရရှိနိုင်သည့်သူများ၊ မွေးစာရင်းမရှိသူများသည် ကျမ်းကျိန်လွှာ (သို့) အပိုင်တိုက်နယ်မှူး၏ လမ်းညွှန်ချက်ဖြင့် ဆက်လက်လုပ်ဆောင်ရမည်။
- သွေးစစ်ထားသည့်စာရွက် (ပုဂ္ဂလိကဆေးခန်းများ၊ ဒေသန္တရကျန်းမာရေးဌာနများတွင် စစ်၍ရပါသည်)။
- ရပ်ကွက်ထောက်ခံစာပြုလုပ်ပါ။ (အိမ်ထောင်စုလူဦးရေစာရင်း၊ ရှေ့ပြေးလျှောက်လွှာတို့ကို ယူဆောင်သွားပါ။ မှတ်ချက်တွင် - "နိုင်ငံသားကတ်ပြုလုပ်ရန်" ဟု ရေးခိုင်းပါ)။ ရပ်ကွက်ထောက်ခံစာကိုပြ၍ ရဲစခန်းထောက်ခံစာ ဆက်လက်လုပ်ဆောင်ပါ။

**လဝကရုံးရောက်လျှင် ဆောင်ရွက်ပုံအဆင့်ဆင့်**

- အထက်ပါအချက်အလက်များပြည့်စုံပါက အိမ်ထောင်စုစာရင်းအမည်ပေါက်သည့်မြို့နယ်ရှိ လဝကရုံးသို့ သွားပါ။
- ရုံးသို့ရောက်လျှင် တာဝန်ရှိသူတစ်ယောက်ယောက်ကို နိုင်ငံသားကတ်ပြုလုပ်လိုသည်ဟုပြောပါ။
- ၎င်းတာဝန်ရှိသူမှ ဘယ်ရပ်ကွက်/ဘယ်ရွာလဲဟုမေးပါက **မိမိအိမ်ထောင်စုစာရင်းရှိလိပ်စာ**ကိုသာ ပြောပါ။
- တာဝန်ရှိသူမှ သက်ဆိုင်ရာတိုက်နယ်မှူးကို လမ်းညွှန်ပေးပါလိမ့်မည်။
- တိုက်နယ်မှူးနှင့်တွေ့ဆုံသောအခါ ပါလာသောစာရွက်စာတမ်းများကိုပြ၍ နိုင်ငံသားကတ်လုပ်လိုကြောင်း ပြောပါ။
- တိုက်နယ်မှူးမှ မိမိတင်ပြလာသောစာရွက်စာတမ်းများကိုစိစစ်ပြီး လိုအပ်ချက်ရှိပါက ပြန်လည်ညွှန်ကြားလိမ့်မည်။
- ကာယကံရှင်နှင့်၎င်း၏မိဘ နိုင်ငံသားကတ်သည် အခြားမြို့နယ်တွင် ပြုလုပ်ထားပါက ငယ်စာရင်းကို ပြန်၍ မေးစာပို့ ရာခိုင်းတတ်ပါသည်။
- ၎င်းမေးစာများရရှိပါက တိုက်နယ်မှူးမှ လက်ဗွေယူ၍ အမှုလက်ခံပြီး ဒုဦးစီးမှူး (သို့) ဦးစီးမှူးထံသို့ ကာယကံရှင် ကိုယ်တိုင် သွားရောက်ပြီး မှတ်ချက်ယူရပါသည်။
- တိုက်နယ်မှူး၏ စစ်ဆေးတင်ပြချက်များမှန်ကန်ပါက ဒုဦးစီးမှူး/ဦးစီးမှူးမှ မှတ်ချက်ပြု လက်မှတ်ရေးထိုးပေးပါမည်။ တိုက်နယ်မှူးထံတွင် ဖိုင်တွဲပြန်အပ်ပါ။
- တိုက်နယ်မှူးမှ ဦးစီးမှူး၏မှတ်ချက်ကိုရလျှင် နိုင်ကတ်ထုတ်ပေးမည့်ရက်ကို ရက်ချိန်းပေးပါသည်။ (အ (အချို့လဝကရုံးများတွင် အမှုအခြေအနေအပေါ်မူတည်၍ နေ့ချင်းပြီးဆောင်ရွက်ပေးတတ်သည်။)
- ချိန်းသည့်ရက်ပြည့်သည့်အခါ ကာယကံရှင်ကိုယ်တိုင် အိမ်ထောင်စုစာရင်းမူရင်း ယူသွားပါ။
- တိုက်နယ်မှူးထံတွင် လက်ဗွေနှိပ်၊ လက်မှတ်ထိုး၍ ထုတ်ယူရပါမည်။
- နိုင်ငံသားကတ်တွင် လက်မှတ်မထိုးမီ အချက်အလက်များ မှန်မမှန်သေချာစွာစစ်ဆေးပြီးမှ လက်ဗွေနှိပ်၊ လက်မှတ်ထိုးပြီး ထုတ်ယူပါ။

မှတ်ချက်

- ဤအခြေအနေသည် အထောက်အထားစာရွက်စာတမ်း အားလုံးပြည့်စုံနေသောသူများအတွက်ဖြစ်သည်။
- အထက်ပါ လိုအပ်သောစာရွက်စာတမ်းများထဲမှ တစ်ခု(သို့)တစ်ခုထက်ပို၍ လိုအပ်ချက်ရှိနေသောသူများအတွက် လိုအပ်ချက်ပေါ်မူတည်၍ လုပ်ငန်းစဉ်အပြောင်းအလဲ ရှိနိုင်သည်။
- နိုင်ငံသားကတ်ထုတ်ပေးရာတွင် ကြာချိန်ရက်အနည်းအများသည် ဌာနချင်းမတူသည့်အတွက် ကွဲလွဲချက်များ ရှိနိုင်သည်။
- ပုဒ်မ (၆)၊ (၇) အရ နိုင်ငံသားဖြစ်မည့်သူများသည် အထက်ပါအချက်များအပြင် ကာယကံရှင်၏ အဖိုး အဖွား မိဘများနှင့် ပတ်သက်သည့် အထောက်အထားများ ( ဥပမာ - ကိုင်ဆောင်ခဲ့သော ကတ်အမျိုးအစား၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ခဲ့ဖူးလျှင် သက်သေခံစာရွက်စာတမ်း၊ နိုင်ငံသားအဖြစ်ခံယူခဲ့ကြောင်း ကျမ်းကျိန်လွှာများ)။

အခြားရနိုင်သော မွေးဖွားသည့်ဒေသ၊ သေဆုံးရာဒေသ စသည့် ရနိုင်သမျှသတင်း အချက်အလက်များ စုဆောင်းထားရန်လိုသည်။ မွေးချင်းမောင်နှမများ၏ အချက်အလက်များလည်း လိုအပ်နိုင်သည်။

**(၃) နိုင်ကတ်မိတ္တူ လျှောက်ထားခြင်း (ပျောက်ဆုံး/ပျက်စီး)**

- ကာယကံရှင်ကိုယ်တိုင် လျှောက်ထားရမည်။
- ဓါတ်ပုံ (၁.၈ X ၁.၈) အဖြူအမဲ (၄)ပုံ (မျက်မှန်မပါရ)
- မျိုးရိုးစဉ်ဆက်ဇယားဖောင်နှင့် ထွေ(၄) ဖောင် ရယူပါ။
- ပျောက်ဆုံးပျက်စီးဖောင်(ထွေ-၄)တွင် ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ ပြုလုပ်ရမည် (ဒေသတစ်ခုနှင့်တစ်ခု ကွဲကွာခြားနိုင်သည်)
- အိမ်ထောင်စုစာရင်း မူရင်းနှင့်မိတ္တူ ယူလာပါ။
- မိဘနှစ်ဦးကိုင်ဆောင်သည့် နိုင်ငံသားကတ် မူရင်းနှင့်မိတ္တူ ပါရမည်။
- ပျက်စီးပါက ပျက်စီးကတ်ပြား၏ မူရင်းနံပါတ် ပါရှိရမည်။

**မှတ်ချက်**

- ❖ ပျောက်ဆုံးသည့်နံပါတ်မမှတ်မိလျှင် ကာယကံရှင်၏ ဆွေမျိုးသားချင်းထဲမှ နိုင်ငံသားကတ်ရှိသူ / မိဘများ၏ မောင်နှမသားချင်းထဲမှ နိုင်ငံသားကတ်ရှိသူ သို့မဟုတ် တစ်နေ့တည်းအတူ နိုင်ငံသားကတ်လုပ်ခဲ့သူတို့၏ ကတ်မိတ္တူများ၊ နံပါတ်များ၊ တောင်းယူထားပါ။
- ❖ မိဘများသေဆုံးပြီးဖြစ်လျှင် သေစာရင်း၊ သေဆုံးကြောင်းထောက်ခံစာ (သို့) အသုဘဖိတ်စာ၊ (သို့) ယပ်တောင် စသည့်အထောက်ထားတစ်မျိုးမျိုးကို ကြိုတင်စုဆောင်းထားပါ။
- ❖ မိဘများကိုင်ဆောင်ခဲ့ဖူးသောနံပါတ်များနှင့် မိဘ၏ကိုယ်ရေးရာဇဝင်ကို သေချာစုဆောင်းထားပါ။

## ၅ - ၃ အမျိုးမျိုးသောအခြေအနေပေါ် မူတည်၍ အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားမှု

### ရည်ရွယ်ချက်

နိုင်ငံသားဖြစ်မှုအတွက် အဓိကလိုအပ်သော အထောက်အထားစာရွက်စာတမ်းများ၊ လိုအပ်ချက်များကို သိရှိစေရန်နှင့် လျှောက်ထားရာတွင် လွယ်ကူချောမွေ့စေရန်ဖြစ်သည်။

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊ မာကာ၊ ကလစ်၊ တိပ်၊
- power point
- လက်ကမ်းစာစောင်များ
- ကာလာစက္ကူများ
- ဖောင်ပုံစံများ၊ အထောက်အထားစာရွက်စာတမ်း နမူနာများ
- **တတ်ကြွလန်းဆန်းစေပြီး သင်တန်းအကြောင်းအရာနှင့်သက်ဆိုင်သည့်ဂိမ်းကို ကစားသင့်သည်။**

**သင်ကြားမည့်နည်းလမ်း**

- သင်တန်းဆရာမှ သင်ကြားမည့်ခေါင်းစဉ်အတွက် A0 ဖြင့်သော်လည်းကောင်း၊ power point ဖြင့်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ထားပါ။
- ပရိသတ်၏ ဗဟုသုတကို အရင်ဆုံးဆန်းစစ်သည့်အနေဖြင့် နိုင်ငံသားကတ်ပြုလုပ်လျှင် လို လိုအပ်သော စာရွက်စာတမ်းများကို မေးခွန်းပုံဖြင့်အရင်မေးပါ။
- ရလဒ်များအတွက်သင်တန်းဆရာမှ ယခုကဲ့သို့ဆွေးနွေးပေးသည်ကို ကျေးဇူးတင်ကြောင်းပြောကြားပါ။
- ဆွေးနွေးချက်များတွင် လိုအပ်သည့်အချက်များ ထပ်မံဖြည့်စွက်ပါ။
- သင်တန်းဆရာမှ အဖြေကိုတိုက်ရိုက်ရှင်းပြသည့်နည်းကို အသုံးပြုမည်။
- handouts များဝေပါ။

| အသိပညာပေးလိုသည့်အကြောင်းအရာ (၅ - ၃) | ကြာချိန် (၄၅ မိနစ်) |
|---|---|

## (၁) အသစ်မွေးဖွားသူ ထပ်တိုးခြင်း (မွေးစမှ အသက် ၅ နှစ်အတွင်း)

- ❖ အိမ်ထောင်ဦးစီး (သို့) မိဘကိုယ်တိုင် လာရောက်ရမည်။
- ❖ သက်ဆိုင်ရာ လဝကရုံးတွင် မွေးတိုးဖောင်(ထွေ-၁) ရယူပါ။
- ❖ ထိုဖောင်ပေါ်တွင် သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ယူရမည်။
- ❖ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးထံမှ (နေထိုင်ကြောင်းထောက်ခံချက်) ပါရှိရမည်။
- ❖ မွေးတိုးလျှောက်လွှာတွင် အိမ်ထောင်ဦးစီးမှ လက်မှတ်ရေးထိုးရမည်။
- ❖ မိဘနှစ်ပါး၏အမည်ပါရှိသော အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) မူရင်းနှင့်မိတ္တူ ပါရှိရမည်။
- ❖ မိဘနှစ်ပါးသည် အိမ်ထောင်စုလူဦးရေစာရင်း သီးခြားတစ်ခုစီရှိပါက မွေးတိုးတိုးမည့်မိဘ၏ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းနှင့်မိတ္တူ၊ လူဦးရေစာရင်းမတိုးသည့် အိမ်ထောင်စုစာရင်းမိတ္တူ ပါရှိရမည်။
- ❖ မွေးစာရင်းလက်မှတ် မူရင်းနှင့်မိတ္တူ ပါရှိရမည်။

## (၂) သက်ကြီးမွေးတိုး (၅ နှစ်အထက်)

- ❖ ကာယကံရှင်နှင့် အိမ်ထောင်ဦးစီး (သို့မဟုတ်) မိဘတစ်ဦး ပါရမည်။
- ❖ သက်ကြီးမွေးတိုး (၁၀) နှစ်အထက် ဖြစ်ပါက အထက်ပါအချက်များအပြင် ခရိုင်သို့အစိစစ်ခံတင်ပြရသဖြင့် ကာယကံရှင်၏လက်ရှိဓါတ်ပုံ (ဖြစ်နိုင်မည်ဆိုပါက မိသားစုနှင့်တွဲရိုက်ထားသည့်ပုံ)အား ပူးတွဲတင်ပြပေးရမည်။
- ❖ ကျောင်းသားဖြစ်လျှင် ကျောင်းထောက်ခံစာ ယူထားရမည်။
- ❖ မိဘ၏သက်သေထွက်ချက်နှင့် အိမ်နီးချင်းနှစ်ဦး (အိမ်ထောင်စုစာရင်းရှိသူ၊ နိုင်ငံသားကတ်ရှိသူ)တို့၏ သက်သေထွက်ချက်များလိုအပ်သည်။ ကြိုတင်ပြင်ဆင်ထားပါ။
- ❖ လိုအပ်လျှင် ကျမ်းကျိန်လွှာပြုလုပ်ရနိုင်သည်။ (သက်ဆိုင်ရာတိုက်နယ်မှူး၏ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရန်)

## (၃) အိမ်ထောင်စုအလိုက် ပြောင်းဝင်ခြင်း

- ❖ ကာယကံရှင်မှ လျှောက်လွှာကို သက်ဆိုင်ရာလဝကရုံးတွင် သွားရောက်ထုတ်ယူပါ။
- ❖ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
- ❖ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အိမ်ထောင်ဦးစီးကိုယ်တိုင်မလာနိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈) နှစ်ပြည့်ပြီးသူတစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။
- ❖ ထိုကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့် ထောက်ခံချက် ပါရမည်။
- ❖ နောက်ဆုံးနေထိုင်ခဲ့သည့်မြို့နယ်မှ ပြောင်းရွှေ့လာသည့် ပုံစံ-၁၀ ပါရှိရမည်။
- ❖ ဝင်ရောက်နေထိုင်လိုသည့်လိပ်စာမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။
- ❖ ပြောင်းဝင်မည့်အိမ်ခန်း (သို့) အိမ်အား ပိုင်ဆိုင်သည့်အထောက်အထား (ဂရမ်၊ မြေချပါမစ်၊ စလစ်၊ စာချုပ်) မူရင်းနှင့်မိတ္တူ ပါရမည်။ ပိုင်ဆိုင်သည့်အထောက်အထားမပြနိုင်ပါက လိပ်စာပါနေရာတွင် အမှန်တစ်ကယ် နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရမည်။
- ❖ အိမ်ငှါးနေထိုင်သူဖြစ်ပါက မည်သည့်အခြေအနေဖြင့်နေထိုင်မည်ဖြစ်ကြောင်း ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။ (အိမ်ရှင်ခွင့်ပြုချက်၊ အိမ်ရှင်အိမ်ငှါးစာချုပ်၊

အိမ်ရှင်၏ နိုင်ငံသားကတ်မိတ္တူ) တို့လည်း ပါရှိရမည်။

- ❖ ပုဒ်မ(၅)အတွက် အထောက်အထားပြည့်စုံပါက အခမဲ့နေ့ချင်းပြီး ရရှိနိုင်သည်။
- ❖ ပုဒ်မ(၆)၊ (၇) များအတွက် အထက်ပါလိုအပ်ချက်များအပြင် လိုအပ်ပါက ခရိုင်၊ တိုင်းဒေသကြီး အဆင့်အထိ သွားရောက်ရနိုင်သည်။
- ❖ သက်ဆိုင်ရာတိုက်နယ်မှူး၊ ဦးစီးမှူး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။
- ❖ အခြေအနေပေါ်မူတည်၍ ကြာချိန်အပြောင်းအလဲရှိနိုင်သည်။

**(၄) <u>အိမ်ထောင်စုအလိုက်ပြောင်းထွက်ခြင်း</u>**

- ❖ အိမ်ထောင်ဦးစီးကိုယ်တိုင် ပုံစံ(၁၀) အတွက် လျှောက်လွှာကိုရယူပြီး လဝကရုံးတွင် လျှောက်ထားပါ။
- ❖ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အိမ်ထောင်ဦးစီးကိုယ်တိုင်မလာနိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသအသက် (၁၈) နှစ် ပြည့်ပြီးသူတစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။
- ❖ ကိုယ်စားလှယ်လွှဲစာမှန်ကန်ကြောင်း ထိုကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက် ပါရမည်။
- ❖ ပြောင်းထွက်မည့်သူများ၏အမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့်မိတ္တူ ပါရှိရမည်။
- ❖ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ နေထိုင်ကြောင်းထောက်ခံစာ ပါရှိရမည်။
- ❖ ပုဒ်မ(၅)အတွက် အထောက်အထားပြည့်စုံပါက အခမဲ့နေ့ချင်းပြီး ရရှိနိုင်သည်။
- ❖ ပုဒ်မ(၆)၊ (၇) များအတွက် အထက်ပါလိုအပ်ချက်များအပြင် လိုအပ်ပါက ခရိုင်၊ တိုင်းဒေသကြီး အဆင့်အထိ သွားရောက်ရနိုင်သည်။
- ❖ သက်ဆိုင်ရာတိုက်နယ်မှူး၊ ဦးစီးမှူး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။
- ❖ အခြေအနေပေါ်မူတည်၍ ကြာချိန်အပြောင်းအလဲရှိနိုင်သည်။

<u>(၅) တစ်ဦးချင်းအလိုက်အိမ်ထောင်စုပြောင်းဝင်/ပြောင်းထွက်ခြင်း</u>

- ❖ ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထားရမည်။
- ❖ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အိမ်ထောင်ဦးစီးကိုယ်တိုင်မလာနိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက် ၁၈ နှစ် ပြည့်ပြီးသူတစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။
- ❖ ထိုကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရမည်။
- ❖ ကာယကံရှင်၏လျှောက်လွှာ ပါရှိရမည်။
- ❖ နောက်ဆုံးနေထိုင်ခဲ့သည့်မြို့နယ်မှ ပြောင်းရွှေ့လာသည့် ပုံစံ-၁၀ ပါရှိရမည်။
- ❖ လက်ခံမည့်အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက်ပါရမည်။

  (၄င်း၏အိမ်ထောင်စုထဲသို့ ကာယကံရှင်ပါ(၁)ဦးအား ဝင်ခွင့်/ထွက်ခွင့် ပြုကြောင်း ထောက်ခံပေးသည့်စာ)
- ❖ အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့်မိတ္တူ ပါရှိရမည်။
- ❖ ပြောင်းဝင်/ပြောင်းထွက်မည့်လိပ်စာရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ နေထိုင်ကြောင်းထောက်ခံစာ ပါရှိရမည်။
- ❖ ပုဒ်မ(၅)အတွက် အထောက်အထားပြည့်စုံပါက အခမဲ့နေ့ချင်းပြီး ရရှိနိုင်သည်။
- ❖ ပုဒ်မ(၆)၊ (၇) များအတွက် အထက်ပါလိုအပ်ချက်များအပြင် လိုအပ်ပါက ခရိုင်၊ တိုင်းဒေသကြီး အဆင့်အထိ သွားရောက်ရနိုင်သည်။
- ❖ သက်ဆိုင်ရာတိုက်နယ်မှူး၊ ဦးစီးမှူး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

- အခြေအနေပေါ်မူတည်၍ ကြာချိန်အပြောင်းအလဲရှိနိုင်သည်။

**(၆) သေဆုံးသူအမည်စာရင်း ပယ်ဖျက်ခြင်း**

- အိမ်ထောင်ဦးစီးကိုယ်တိုင် လျှောက်ထားရမည်။
- အိမ်ထောင်ဦးစီးသည် ခိုင်လုံသောအကြောင်းပြချက်ဖြင့်မလာနိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက် ၁၈ နှစ်ပြည့်ပြီးသူတစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့်စေလွှတ်ရမည်။
- သေဆုံးကြောင်းပုံစံ ထွေ-၂(က) (သို့) သေဆုံးကြောင်းလက်မှတ် မူရင်း၊ မိတ္တူ ပါရမည်။
- တိုင်ကြားသူနှင့် သေဆုံးသူ၏အမည်ပါသော အိမ်ထောင်စုစာရင်း မူရင်းနှင့်မိတ္တူ ပါရမည်။
- သေဆုံးလက်မှတ်မရှိပါက အသုဘဖိတ်စာ၊ ယပ်တောင်၊ အမှန်တကယ်သေဆုံးကြောင်း ရပရပ်ကွက်ထောက်ခံစာတို့ ပါရှိရမည်။
- သေဆုံးသူသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခဲ့ကြောင်း အုပ်ချုပ်ရေးမှူး ထောက်ခံချက် ပါရှိရမည်။
- ပုဒ်မ(၅)အတွက် အထောက်အထားပြည့်စုံပါက အခမဲ့နေ့ချင်းပြီးရရှိနိုင်သည်။
- ပုဒ်မ(၆)၊ (၇) များအတွက် အထက်ပါလိုအပ်ချက်များအပြင် လိုအပ်ပါက ခရိုင်၊ တိုင်းဒေသကြီး အဆင့်အထိ သွားရောက်ရနိုင်သည်။
- သက်ဆိုင်ရာတိုက်နယ်မှူး၊ ဦးစီးမှူး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။
- အခြေအနေပေါ်မူတည်၍ ကြာချိန်အပြောင်းအလဲရှိနိုင်သည်။

**(၇) သီးခြားအိမ်ထောင်စု ခွဲထွက်ခြင်း**

- ကာယကံရှင်လျှောက်လွှာကို သက်ဆိုင်ရာလဝကရုံးတွင် သွားရောက်ထုတ်ယူပါ။
- ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးကိုယ်တိုင် လျှောက်ထားရမည်။
- ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးကိုယ်တိုင် ခိုင်လုံသောအကြောင်းပြချက်ဖြင့်မလာနိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက် (၁၈)နှစ် ပြည့်ပြီးသူတစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။
- ထိုကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရမည်။
- အိုးခွဲ၊ အခန်းခွဲ၊ ခေါင်ခွဲ၊ စီးပွားခွဲ စသည့်ခွဲလေးခွဲနှင့် ညီညွတ်ရမည်။ အိမ်ပိုင်ဆိုင်မှုအထောက်အထားမိတ္တူ၊ အိမ်ရှင်၏ နိုင်ငံသားကတ်မိတ္တူ၊ အိမ်ငှါးဖြစ်ပါက အိမ်ရှင်အိမ်ငှါးစာချုပ်၊ အိမ်ကိုဘေးတစ်ပုံ၊ အရှေ့တစ်ပုံ ရိုက်ထားပါ)။
- အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက်ပါရမည်။(၎င်း၏အိမ်ထောင်စုထဲမှ ခွဲထွက်၍ ထိုအိမ်နံပါတ်ဖြင့် အိမ်ထောင်စုအသစ်တစ်ခုခွဲထွက်သည်ကို သဘောတူကြောင်းထောက်ခံပေးသည့်စာ)
- လျှောက်ထားသူနှင့် အိမ်ထောင်စုဦးစီးအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့်မိတ္တူ ပါရမည်။
- သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအတွင်းအမှန်တကယ်နေထိုင်ခဲ့ကြောင်းအုပ်ချုပ်ရေးမှူးထောက်ခံချက်ပါရှိရမည်။
- ပုဒ်မ(၅)အတွက် အထောက်အထားပြည့်စုံပါက အခမဲ့နေ့ချင်းပြီး ရရှိနိုင်သည်။
- သက်ဆိုင်ရာတိုက်နယ်မှူး၊ ဦးစီးမှူး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။
- အခြေအနေပေါ်မူတည်၍ ကြာချိန်အပြောင်းအလဲရှိနိုင်သည်။

## ၅ - ၄ အမည်များပြင်ဆင်ခြင်း၊ မွေးသက္ကရာဇ်ပြင်ဆင်ခြင်း

**(၁) အမည်ပြင်ဆင်ခွင့် လျှောက်ထားမှု**

- ကာယကံရှင်လျှောက်လွှာ
- ကာယကံရှင်၏ နိုင်(၃)(က)၊ နိုင်(၆)(က)၊ နိုင်(၂)၊ နိုင်(၄) မိတ္တူ
- ကာယကံရှင်၏ အစစ်ခံထွက်ဆိုချက်
- (၁၀)တန်းအောင်လက်မှတ်မိတ္တူ
- ကျောင်းသားဖြစ်ပါက ကျောင်းထောက်ခံချက်
- မိဘနှစ်ပါး၏ နိုင်(၆)(က)၊ နိုင်(၂)၊ နိုင်(၄) မိတ္တူ
- ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းမှတ်တမ်း ပထမစာမျက်နှာမိတ္တူ
- ဝန်ထမ်းဖြစ်ပါက အထက်အရာရှိထောက်ခံချက်
- သက်သေနှစ်ဦး၏အစစ်ခံထွက်ဆိုချက်နှင့် နိုင်(၆)(က) မိတ္တူ
- အိမ်ထောင်စုဇယား မူရင်းနှင့်မိတ္တူ
- ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ထောက်ခံချက်
- မြို့နယ်ဦးစီးမှူး သဘောထားမှတ်ချက်
- ပုံစံ ၉၀/၁/နငသ (၃) စောင်

**(၂) မွေးသက္ကရာဇ် ပြင်ဆင်လျှောက်ထားမှု**

- ကာယကံရှင်လျှောက်လွှာ
- ကာယကံရှင်၏ နိုင်(၃)(က)၊ နိုင်(၆)(က)၊ နိုင်(၂)၊ နိုင်(၄) မိတ္တူ
- ကာယကံရှင်၏ အစစ်ခံထွက်ဆိုချက်
- (၁၀)တန်းအောင်လက်မှတ်မိတ္တူ
- ကျောင်းသားဖြစ်ပါက ကာယံရှင်၏မွေးစာရင်း/ကျောင်းထောက်ခံချက်
- မိဘနှစ်ပါး၏ နိုင်(၆)(က)၊ နိုင်(၂)၊ နိုင်(၄)မိတ္တူ
- ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းမှတ်တမ်း ပထမစာမျက်နှာမိတ္တူ
- ဝန်ထမ်းဖြစ်ပါက အထက်အရာရှိထောက်ခံချက်
- အထက်အောက်ညီအစ်ကိုမောင်နှမနှစ်ဦး၏ နိုင်(၆)(က)၊ နိုင်(၂)၊ နိုင်(၄)
- အိမ်ထောင်စုဇယား မူရင်းနှင့်မိတ္တူ
- ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ထောက်ခံချက်
- မြို့နယ်ဦးစီးမှူး သဘောထားမှတ်ချက်
- ပုံစံ ၉၀/၁/နငသ (၃)စောင်
- (ကာယကံရှင်သည် အသက်(၁၈)နှစ် မပြည့်သေးပါက အုပ်ထိန်းသူမှ လျှောက်ထားချက်တွင် အစစ်ခံထွက်ဆိုချက် ပေးရမည်။)

(လျှောက်ထားမှုလုပ်ငန်းစဉ်များကို လဝကလုပ်ထုံးလုပ်နည်းများစာအုပ်မှ ကိုးကားထားသည့်အပြင် လုပ်ငန်းများ လက လက်တွေ့လုပ်ဆောင်ရာတွင် တွေ့ကြုံခဲ့သည်များမှလည်း ထုတ်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။)

## ၅ - ၅ မွေးစာရင်း လျှောက်ထားမှုအမျိုးမျိုး

### ရည်ရွယ်ချက်

နိုင်ငံသားဖြစ်မှုအတွက် အဓိကလိုအပ်သော မွေးစာရင်းနှင့် ၎င်း၏လိုအပ်ချက်များကို သိရှိစေရန်၊ လျှောက်ထားရာတွင် လွယ်ကူချောမွေ့စေရန်ဖြစ်သည်။

### သင်ထောက်ကူပစ္စည်းများ

- စက္ကူချပ်များ၊ မာကာ၊ ကလစ်၊ တိပ်၊
- power point ပြင်ဆင်ထားရှိမှု
- လက်ကမ်းစာစောင်များ
- ဖောင်ပုံစံများ၊ အထောက်အထားစာရွက်စာတမ်းနမူနာများ

| အသိပညာပေးလိုသည့်အကြောင်းအရာ (၅ - ၅) | ကြာချိန် (၁၅ မိနစ်) |
|---|---|

**မွေးစာရင်း ပြုလုပ်လိုသူများ လုပ်ဆောင်ရမည့်အချက်များ**

- အစိုးရဆေးရုံများတွင်မွေးဖွားပါက ၁ နှစ်အထိ မွေးဖွားရာဆေးရုံများတွင် ထုတ်ပေးပါသည်။ ၁ နှစ်ကျော်လျှင် တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနတွင် ထုတ်ပေးပါသည်။
- မွေးဖွားပြီး ၁ နှစ်မှ ၅ နှစ်အထိ မွေးစာရင်းကိုမတိုင်ကြားသေးပါက တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ (နှစ်လွန်မွေးစာရင်း)ဖြင့် တိုက်ရိုက်ထုတ်ပေးပါသည်။ ( ၅ နှစ် ကျော်ပါက မထုတ်ပေးတော့ပါ)
- ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် မွေးဖွားပါက ပြင်ပဆေးခန်းများမှမွေးဖွားခဲ့သည့် မွေးစာရင်းများကို ၃ လအထိ သက်ဆိုင်ရာမြို့နယ်မှ တိုက်ရိုက်ထုတ်ပေးပါသည်။
- ၃ လကျော်ပြီး ၁ နှစ်အတွင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်မှ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနသို့ (လလွန်မွေးစာရင်း)ဖြင့် ခွင့်ပြုမိန့်တောင်းခံပြီး မြို့နယ်မှထုတ်ပေးပါသည်။
- ထိုသို့ထုတ်ပေးရာတွင် ပြင်ပဆေးခန်းမှ မွေးဖွားလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ မိဘနှစ်ဦး၏ နိုင်ငံသားကတ် မိတ္တူများ တင်ပြရန်လိုအပ်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနသို့ (လလွန်/နှစ်လွန်) မွေးစာရင်းလျှောက်ထားရာတွင် ဖခင်၊ မိခင် နိုင်ငံသားကတ် မူရ င်း/မိတ္တူ၊ နိုင်ငံသားကတ်မရှိလျှင် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ အိမ်ထောင်စုစာရင်း (သို့) ယာယီအိမ်ထောင်စုစာရင်း (သို့) ဧည့်စာရင်း မူရင်း/မိတ္တူတို့ဖြင့် ရ ပ်ကွက်တွင်နေထိုင်ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံစာဖြင့် အိမ်ထောင်စုစာရင်းဝင်သည့်မြို့နယ်မှ ဆရာဝန်ထောက်ခံစာအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။


<u>ဝန်ဆောင်မှုပေးသည့် ရုံးတည်နေရာ</u>

- အစိုးရဆေးရုံများတွင် မွေးဖွားသူများ
  (၁) နှစ်အတွင်းဆိုပါက မွေးဖွားရာအစိုးရဆေးရုံ
  (၂) နှစ်ကျော်လျှင် တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာန


- <u>ပုဂ္ဂလိကဆေးရုံတွင် မွေးဖွားသူများ</u>
  (၃) လအတွင်းဆိုပါက သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန
  (၄) လကျော်မှ(၁)နှစ်အတွင်းဆိုပါက တိုင်းဒေသကြီး/ပြည်နယ် ကျ
  ကျန်းမာရေးဦးစီးဌာနတွင် လျှောက်လွှာကို တနင်္လာမှသောကြာအထိ သွားရောက်ထုတ်ယူနိုင်သည်။

## အခန်း(၆)

## မြန်မာနိုင်ငံရှိ နိုင်ငံသားကတ်အမျိုးအစားများကို လေ့လာခြင်း




နိုင်ငံသားစိစစ်ရေးကတ်ပြား (Citizenship Scrutiny Card , CSC)





ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား (Associated Citizenship Scrutiny Card , ACSC)





နိုင်ငံသားပြုခွင့်ရသူ၏ စိစစ်ရေးကတ်ပြား (Naturalized Citizenship Scrutiny Card , NCSC)





အမျိုးသား မှတ်ပုံတင်ကတ်ပြား (မ) (အပြင်ဘက်) Women’s National Registration Card NRC (Outer)



အမျိုးသား မှတ်ပုံတင်ကတ်ပြား (ကျား) (အတွင်းဘက်) Men's National Registration Card (Inner)




ယာယီ သက်သေခံလက်မှတ် - Temporary Registration/Identification Certificate


ညွှန်ကြားချက်များ ( Instructions )

၁။ ဤသက်သေခံကတ်ပြားကို ခရီးသွားလာလျှင် မိမိနှင့်အတူ တစ်ပါတည်းယူဆောင်သွားရမည်၊ အာဏာရှိသူက တောင်းဆိုသည့်အခါ ထုတ်ပြရမည်။
This identity card must be concomitantly carried whenever you travel, it must be shown whenever authorities request.

၂။ ဤသက်သေခံကတ်ပြားကို အခြားသူထံ မလွှဲပြောင်းရ။
The identity card is not transferable.

၃။ သက်သေခံကတ်ပြားပေါ်တွင် မည်သည့်အမှတ်အသားမည်သည့် ပြောင်းလဲချက်မျှ မပြုလုပ်ရ။
No mark is allowed on the identity card and nothing is allowed to be changed except by the authorities.

၄။ ဤသက်သေခံကတ်ပြား ကိုင်ဆောင်သူသည် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားရန် လိုအပ်သည်။
This identity card holder is a person who need to apply for citizenship in accordance with Myanmar Citizenship Law.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
THE REPUBLIC OF THE UNION OF MYANMAR

နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား
Identity Card for National Verification

[redacted] [redacted]

မှတ်ချက်။ ဤသက်သေခံကတ်ပြား ကိုင်ဆောင်ခြင်းဖြင့် နိုင်ငံသားဖြစ်ကြောင်း သက်သေခံအထောက်အထား မဖြစ်စေရ။
Note : Holding this identity card does not testify that " the card holder is Myanmar Citizen"

နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား - Identity Card for National Verification ICNV

## နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများမှ သတိပြုလိုက်နာရမည့်အချက်များ

- ❖ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် တရားမဝင်ပြင်ခြင်း၊ ဖျက်ခြင်း၊ ရေးသွင်းခြင်း မပြုလုပ်ရ။
- ❖ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဓါတ်ပုံပျက်စီး/မထင်မရှားဖြစ်ပါက မိမိသဘောဖြင့် ဓါတ်ပုံလဲလှယ်ခြင်း၊ ကပ်ခြင်း မပြုလုပ်ရ။
- ❖ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို အခြားသူတစ်ဦးထံသို့ လွှဲပြောင်းပေးခြင်း၊ ကိုင်ဆောင်စေခြင်း မပြုလုပ်ရ။
- ❖ အခြားသူတစ်ဦးတစ်ယောက်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကောက်ရ/တွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ သွားရောက်အပ်နှံရမည်။
- ❖ မိမိနေအိမ်မှ မြို့နယ်ကျော်ခရီးသွားလျှင် မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်း ယူဆောင်သွားရမည်။
- ❖ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးလျှင် နီးစပ်ရာရဲတပ်ဖွဲ့စခန်းသို့တိုင်ကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ မိတ္တူထုတ်ပေးခွင့်ကို ကိုယ်တိုင်လျှောက်ထားရမည်။
- ❖ လူတစ်ဦးတစ်ယောက်တည်းမှ နံပါတ်တစ်ခုထက်ပို၍ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားကိုင်ဆောင်ကြောင်း တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

မှတ်ချက်

- ဤသင်ခန်းစာတွင် ကတ်အမျိုးစားများကို သင်တန်းမစတင်ခင် သင်တန်းခန်းမတွင် ချိတ်ဆွဲထားပါ။
- ထို့နောက် သင်ကြားနေချိန်အတွင်း သင်တန်းခန်းမကို လှည့်လည်ကြည့်ခိုင်းပါ။ ကတ်များ၏အရောင်နှင့် ကတ်အမည်များကို မေးခွန်းမေးမြန်းခြင်းဖြင့် စတင်လိုက်ပါ။ အဖြေလွဲမှားနေပါက ပြန်တည့်ပေးပါ။

# သင်တန်းအတွက် အကြံပြုချက်များ

## သင်တန်းမစတင်မီ ကြိုတင်ပြင်ဆင်ထားရမည့်အရာများ

- သင်တန်းသားအရေအတွက်ကို သတ်မှတ်ပါ။ အသင့်တော်ဆုံးအရေအတွက်မှာ (၂၅) ဦးခန့်ဖြစ်သည်။ သို့ရာတွင် သင်တန်းပေးရမည့်အနေအထားပေါ် မူတည်၍ အရေအတွက်ကို ချိန်ညှိပြောင်းလဲနိုင်ပါသည်။
- သင်တန်းချိန်အဖြစ် နံနက် (၉း၀၀) မှ ညနေ (၄း၃၀) အထိ တစ်နေကုန် သတ်မှတ်နိုင်ပါသည်။
- သင်တန်းသားအရေအတွက်အလိုက် သင့်လျော်သည့်သင်တန်းနေရာကို ရွေးချယ်သတ်မှတ်ပါ။
- တက်ရောက်ကြမည့်သူများအနေဖြင့် အထောက်အထားစာရွက်စာတမ်းမရှိထားကြသူများကို ဦးစားပေး ဖိ ဖိတ်ခေါ် သင့်သည်။
- တက်ရောက်မည့်သူများသည် အသက်အရွယ်အားဖြင့် အသက် (၁၈) နှစ်ထက် ကျော်လွန်သူများသာဖြစ်သင့်သည်။ (ဤလမ်းညွှန်ချက်များကို ထိုသူများအတွက် ရည်ရွယ်ပြုစုထားခြင်းကြောင့်ဖြစ်သည်)။
- သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ ကြိုတင်စုဆောင်း ပြင်ဆင်ထားရမည်။ (ပရိုဂျက်တာအသုံးပြုမည်ဆိုပါက လျှပ်စစ်မီးရရှိသွယ်တန်းနိုင်မှုကို ကြိုတင်ဆန်းစစ်ထားရမည်။ လိုအပ်မည်ဟု ယူဆပါက အရန်သုံးမီးစက်တစ်လုံး ထားရှိရမည်။ လျှပ်စစ်မီးမရရှိနိုင်သည့်ဒေသဖြစ်လျှင် မိမိပြောလိုသည့် အဓိက အကြောင်းအရာများကို A0 စာရွက်ပေါ်တွင် ကြိုတင်ရေးသားထားရမည်။ ရောင်စုံ မာကာပင်များကို အသုံးပြုသင့်ပါသည်။
- သင်ခန်းစာအလိုက် အသေးစိတ်ပြင်ဆင်ရမည့်အရာများကို သက်ဆိုင်ရာသင်ခန်းစာများတွင် ကြည့်ပါ။

## အချင်းချင်းမိတ်ဆက်ခြင်း

သင်တန်းစတင်နိုင်ရန် သင်တန်းသားများအား ခေါ်ဩပါ။

- တက်ရောက်လာကြသည့်အတွက် ကျေးဇူးတင်စကားပြောပါ။
- သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။
- သင်တန်းနည်းပြ(များ)မှ မိမိကိုယ်ကိုမိတ်ဆက်ပါ။
- ထို့နောက် သင်တန်းသားများအား အချင်းချင်းအပြန်အလှန် မိတ်ဆက်ခိုင်းပါ။ (ဂိမ်းနှင့်လည်း မိတ်ဆက်နိုင်သည်။ ဥပမာ- မိမိအရုပ်ပုံတူကိုဆွဲပြီး အချင်းချင်းဖလှယ်၍ မိတ်ဆက်သည့်နည်းလည်း သုံးနိုင်သည်။)
- သင်တန်းအတွက် စည်းမျဉ်းစည်းကမ်းသတ်မှတ်ပါ (သင်တန်းသားများမှ)။

သင်တန်းမစတင်မီ အရင်ဆုံး ဆန်းစစ်မေးခွန်းများကို ဖြေဆိုခိုင်းပြီး မှတ်သားထားသင့်ပါသည်။ သင်တန်းပြီးဆုံးပါကလည်း နားလည်မှုကို ပြန်လည်ဆန်းစစ်သည့်မေးခွန်းများ
ထပ်မံဖြေဆိုခိုင်းပြီး ယခင်အဖြေများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ခြင်းဖြင့် သင်တန်း၏ထိရောက်မှုကို ေ
ယေဘုယျတိုင်းတာနိုင်မည်ဖြစ်သည်။

# နိုင်ငံသားဖြစ်မှုနှင့် အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူခြင်းလုပ်ငန်းစဉ်များ

## သင်တန်းအစီအစဉ်

...............သင်တန်းပြုလုပ်မည့်နေရာ..............................

...............သင်တန်းပြုလုပ်မည့်နေ့ရက်.....................

| အချိန် | အကြောင်းအရာ | ဦးဆောင်ဆွေးနွေးမည့်သူ |
|---|---|---|
| ၉း၀၀ | မိတ်ဆက်ခြင်း<br>• တက်ရောက်လာသူများ<br>• သင်တန်းအကြောင်းအရာ၊ ရည်ရွယ်ချက်<br>• သင်တန်းစည်းကမ်းများ | ......သင်တန်းနည်းပြအမည်....... |
| ၉း၃၀ | "နိုင်ငံတော် (State)" ဆိုသည်မှာ | ......သင်တန်းနည်းပြအမည်....... |
| ၁၀း၀၀ | နိုင်ငံသားဖြစ်မှုများကို လေ့လာခြင်း<br>• နိုင်ငံသားနှင့် နိုင်ငံသားဖြစ်မှု<br>• နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများ<br>• နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများ | ......သင်တန်းနည်းပြအမည်....... |
| ၁၀း၃၀ | ကော်ဖီသောက်နားချိန် | |
| ၁၀း၄၅ | နိုင်ငံသားဖြစ်မှုများကို လေ့လာခြင်း (အဆက်)<br>• နိုင်ငံသားနှင့် နိုင်ငံသားဖြစ်မှု<br>• နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများ<br>• နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများ | ......သင်တန်းနည်းပြအမည်....... |
| ၁၁း၃၀ | နိုင်ငံမဲ့ဖြစ်မှု (Statelessness)<br>• နိုင်ငံမဲ့ဆိုသည်မှာ<br>• နိုင်ငံမဲ့ဖြစ်ရခြင်းအကြောင်းအရင်း<br>• နိုင်ငံမဲ့ဖြစ်မှုကြောင့် ရရှိလာမည့်အကျိုးဆက်များ<br>• နိုင်ငံမဲ့ပပျောက်ရေး ဆောင်ရွက်နေမှုများ | ......သင်တန်းနည်းပြအမည်....... |
| ၁၂း၃၀ | နေ့လည်စာစားချိန် | |
| ၁၃း၃၀ | ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ | ......သင်တန်းနည်းပြအမည်....... |
| ၁၄း၃၀ | အထောက်အထားစာရွက်စာတမ်း လျှောက်ထားမှု လုပ်ငန်းစဉ်များ | တက်ရောက်လာသူများ |
| ၁၅း၀၀ | ကော်ဖီသောက်နားချိန် | |
| ၁၅း၁၅ | အထောက်အထားစာရွက်စာတမ်း လျှောက်ထားမှု လုပ်ငန်းစဉ်များ (အဆက်) | တက်ရောက်လာသူများ |
| ၁၆း၃၀ | အထွေထွေဗဟုသုတနှင့် အပြန်အလှန်ဆွေးနွေးမှု | တက်ရောက်လာသူများ |
| ၁၇း၀၀ | ပြန်လည်သုံးသပ်ခြင်းနှင့် သင်တန်း၏ထိရောက်မှုဆန်းစစ်ချက် | တက်ရောက်လာသူများ |

(သင်တန်းအစီအစဉ် နမူနာ)

**နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူခြင်း သင်တန်း**

## သင်တန်းမစတင်မီ ဆန်းစစ်ချက်မေးခွန်းလွှာ

နေရာ ........................................................................................................ နေ့စွဲ ........................................

*(အဖြေမှန်အား ဝိုင်းပြပေးပါရန်)*

၁။ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် အိမ်ထောင်စုလူဦးရေစာရင်းသည် မရှိမဖြစ်လိုအပ်သည်။

**(က) မှန်** **(ခ)မှား**

၂။ အသက် (၁၈) နှစ် ပြည့်မှသာ နိုင်ငံသားစိစစ်ရေးကတ်ပြား စတင်လျှောက်ထားနိုင်သည်။

**(က) မှန်** **(ခ)မှား**

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရာတွင် ကာယကံရှင်ကိုယ်တိုင် လဝကရုံးသို့ မလိုက်လည်းရသည်။

**(က) မှန်** **(ခ)မှား**

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရာတွင် မိဘများ၌ မှတ်ပုံတင်(နိုင်ငံသားကတ်) မရှိလည်းရသည်။

**(က) မှန်** **(ခ)မှား**

၅။ အိမ်ထောင်စုလူဦးရေစာရင်းရှိရုံဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်၍ရသည်။

**(က) မှန်** **(ခ)မှား**

၆။ ပုဒ်မ(၅)အရ တိုင်းရင်းသားနှင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများသည် ဥပဒေအရနိုင်ငံသားများဖြစ်သည်။

**(က) မှန်** **(ခ) မှား**

၇။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တွင် ကိန်းဂဏန်း **(က) ၅ လုံး (ခ) ၆ လုံး (ဂ) ၇ လုံး** ပါရှိသည်။

၈။ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှုလုပ်ငန်းစဉ်သည် ပုံမှန်အားဖြင့် **(က) ၁၄ ရက် (ခ) ၂၁ ရက် (ဂ) ၂၈ ရက်** ကြာမြင့်တတ်သည်။

၉။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံတွင် နိုင်ငံသား **(က) ၃ (ခ) ၂ (ဂ) ၁** မျိုး ရှိသည်။

၁၀။ ဘဏ်နှင့်ဆိုင်သော ငွေထုတ်ငွေသွင်းကိစ္စများ ဆောင်ရွက်ရာတွင် **(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (ခ) အိမ်ထောင်စုလူဦးရေစာရင်း (ဂ) မွေးစာရင်း** ရှိမှရသည်။

***(သင်တန်းသားများ၏ အခြေခံဗဟုသုတအား ဆန်းစစ်ချက် နမူနာ)***

သင်တန်းသားများအတွက်သာ

နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူခြင်း သင်တန်း

## လေ့လာသင်ယူမှုဆန်းစစ်ချက်နှင့် အကြံပြုချက်များ

နေရာ ........................................................................ နေ့စွဲ ..........................................

၁။ နိုင်ငံမဲ့ဖြစ်လာနိုင်သည့် အကြောင်းရင်းများအနက် သင်မှတ်မိသောအချက်များကို ချရေးပေးပါ။

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

၂။ လျှောက်ထားမှုလုပ်ငန်းစဉ်တွင် သင်စိတ်အဝင်စားဆုံးလုပ်ငန်းစဉ်အကြောင်းအား မှတ်မိသလောက်ရေးပေးပါ။

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

၃။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေပါ နိုင်ငံသားအမျိုးအစားများ

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

၄။ ယခုရရှိလာသော သင်ခန်းစာအတွေ့အကြုံများကို မိမိပတ်ဝန်းကျင်တွင် မည်ကဲ့သို့ ပြန်လည်မျှဝေပေးမည်နည်း။

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

၅။ **ဝေဖန်အကြံပြုချက်** - သင့်အနေဖြင့် တစ်နေ့တာသင်တန်းအစီအစဉ်များတွင် ဆွေးနွေးတင်ပြမှု၊ သင်တန်းအချိန်၊ သင်ထောက်ကူပစ္စည်းများအသုံးပြုမှု၊ နေရာထိုင်ခင်းနှင့် အစားသောက်စီစဉ်ထားမှုများကို အကြံပြုချက်များ ထပ်မံဖြည့်စွက် ပေးစေလိုပါသည်။

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................


..........................................................................................................................................


*(သင်တန်းထိရောက်မှု ဆန်းစစ်ချက် နမူနာ)*

နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူခြင်းနှင့်ပတ်သက်၍ သင်တန်းပို့ချပေးစေလိုပါက Braveheart Foundation ၏ ရုံးဖုန်း ၀၉ ၂၅၂၂၅ ၄၀၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ [ask.braveheart@gmail.com](mailto:ask.braveheart@gmail.com) သို့ အီးမေးလ်ပေးပို့ခြင်းဖြင့်လည်းကောင်း တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားမှုလုပ်ငန်းစဉ်အတွင်း အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖေ့စ်ဘွတ်စာမျက်နှာ "Braveheart Foundation" ပေါ်မှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။ မေးမြန်းချက်များကို ပုံမှန်အားဖြင့် တစ်ရက်အတွင်း အကြောင်းပြန်ပေးပါမည်။

(မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို အများသူငါ မသိရှိစေလိုပါက အဆိုပါစာမျက်နှာ၏ Message Box မှတစ်ဆင့် သီးသန့်မေးမြန်းနိုင်ပါသည်။ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ပေါက်ကြားမှုမရှိစေရန် အာမခံပါသည်)





UNHCR
United Nations High Commissioner for Refugees
Haut Commissariat des Nations Unies pour les réfugiés
JUSTICE BASE
smile
နိုင်ငံသားဖြစ်မှုဆိုင်ရာ မျိုးရိုးစဉ်ဆက်ပြဇယား
သင်သည် တိုင်းရင်းသားတစ်ဦး ဟုတ်ပါသလား။
ဟုတ်
မဟုတ်
၁၉၄၈ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ... ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက် မတိုင်ခင်က နိုင်ငံသား ဖြစ်ခဲ့ပါသလား။
သင်သည် နိုင်ငံသားဖြစ်သည်။
ဤမျိုးရိုးစဉ်ဆက်ပြဇယားသည် သင့်၏ နိုင်ငံသားဖြစ်မှုကို ဆုံးဖြတ်ပေးနိုင်ရန် ကူညီပေးပါလိမ့်မည်။ ထိပ်၌ ဖော်ပြထားသည့် ပထမဆုံး မေးခွန်း ၂ ခုသည် ... သင့်၏ တိုင်းရင်းသားဖြစ်ခြင်း မဖြစ်ခြင်းနှင့် ယခင်က နိုင်ငံသားဖြစ်ခဲ့ခြင်းရှိမရှိတို့ကို မေးမြန်း ထားသည့်မေးခွန်းများ ဖြစ်ပါသည်။ ထိုပထမမေးခွန်း (၂) ခုကို "မဟုတ်" ဟု ဖြေခဲ့သည့်တိုင် သင့်၏ မိဘများ သို့မဟုတ် အိမ်ထောင်ဖက်၏ အခြေအနေများအရ နိုင်ငံသားရရှိအောင် လျှောက်ထားနိုင်သည်။ ပန်းရောင်၊ အစိမ်းရောင် သို့မဟုတ် လိမ္မော်ရောင်အကွက်များအထိ ရောက်အောင် ဤမျိုးရိုးစဉ်ဆက်ပြဇယားကို အသုံးပြုပါ။ စာရွက်အဆုံး၌ ရေးဆွဲထားသည့် အပြာရောင်အကွက်သည် ဧည့်နိုင်ငံသားဖြစ်ခြင်းကို ပြသည့်အကွက်ဖြစ်သည်။ စာရွက်အဆုံး၌ ဖော်ပြထားသည့် အစိမ်းရောင်အကွက်သည် သင့်အိမ်ထောင်ဘက်၏ နိုင်ငံသားဖြစ်ခြင်းအပေါ်တွင် အခြေခံ၍ ရရှိလာသည့် နိုင်ငံသား ပြုခွင့်ရသူနှင့်ဆိုင်သော အကွက်ဖြစ်သည်။
သင့်မိဘနှစ်ပါးအနက် တစ်ပါးသည် နိုင်ငံသား ဖြစ်ပါသလား။
ကျန်မိဘတစ်ပါးသည် နိုင်ငံသား၊ (သို့) ဧည့်နိုင်ငံသား (သို့) နိုင်ငံသားပြုခွင့်ရသူ ဖြစ်ပါသလား။
သင့် မိဘနှစ်ပါးအနက်တစ်ဦးသည် နိုင်ငံသားပြုခွင့်ရသူ (သို့) ဧည့်နိုင်ငံသား ဖြစ်ပါသလား။
သင်သည် နိုင်ငံသားဖြစ်သည်။
သင့်မိဘနှစ်ဦးအနက် ကျန်တစ်ဦးသည် နိုင်ငံခြားသား ဖြစ်ပါသလား။
ကျန်မိဘတစ်ပါးသည် နိုင်ငံသားပြုခွင့်ရသူ (သို့) ဧည့်နိုင်ငံ သား ဖြစ်ပါသလား။
သင့်၏ ဥပဒေဆိုင်ရာ ဖြစ်တည်မှုများနှင့်ပတ်သက်သည့် အကြံဉာဏ်များ ရယူနိုင်ရန် ကြိုးစားသင့်သည်။
နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဖြစ်စေရန် လျှောက်ထားနိုင်သည်။
သင့်မိဘနှစ်ပါးအနက် ကျန်တစ်ဦး၏ မိဘများသည် နိုင်ငံသားပြုခွင့်ရသူများ (သို့) ဧည့်နိုင်ငံသားများ ဖြစ်ကြပါသလား။
သင့်မိဘနှစ်ဦးအနက် တစ်ဦး၏ မိဘများသည် နိုင်ငံသား ပြုခွင့်ရသူများ (သို့) ဧည့်နိုင်ငံသားများ ဖြစ်ကြ ပါသလား။
သင့်မိဘနှစ်ဦးအနက် ကျန်တစ်ဦးသည် နိုင်ငံခြားသား ဖြစ်ပါသလား။
သင့်မိဘနှစ်ပါးလုံးသည် ဧည့်နိုင်ငံသားများ ဖြစ်ကြပါသလား။
သင်သည် နိုင်ငံသားဖြစ်သည်။
နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဖြစ်စေရန် လျှောက်ထားနိုင်သည်။
သင်သည် နိုင်ငံသားဖြစ်သည်။
သင့်၏ ဥပဒေဆိုင်ရာ ဖြစ်တည်မှုများနှင့်ပတ်သက်သည့် အကြံဉာဏ်များ ရယူနိုင်ရန် ကြိုးစားသင့်သည်။
သင့်၏ ဥပဒေဆိုင်ရာ ဖြစ်တည်မှုများနှင့်ပတ်သက်သည့် အကြံဉာဏ်များ ရယူနိုင်ရန် ကြိုးစားသင့်သည်။
သင်သည် ဧည့်နိုင်ငံသားတစ်ဦးဖြစ် းဖြစ်နိုင်သည်။
နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဖြစ်စေရန် လျှောက်ထားနိုင်သည်။
ဧည့်နိုင်ငံသားတစ်ဦးဖြစ်ရန်မှာ -
• ၁၉၈၂ ခုနှစ်မတိုင်ခင်က နိုင်ငံသားဖြစ်ရန် လျှောက်ထားခဲ့ရမည်။
• သင့်မိဘနှစ်ပါးလုံးသည် ဧည့်နိုင်ငံသားများဖြစ်ကြပြီး ... သင်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ နှင့် သင့်၏နာမည်တို့ကို သင့်မိဘများ၏ စာရွက်စာတမ်းများ၌ ထည့်သွင်းခဲ့ရမည်။
အကယ်၍ သင်သည် သင့်မိဘများကြောင့် ဧည့်နိုင်ငံသားအဖြစ်ကို ရရှိခဲ့ပါက ... ထိုဧည့်နိုင်ငံသားအဖြစ် ဆက်လက် ရပ်တည်နိုင်ရန် ... သင် အသက် ၁၈ နှစ်ပြည့်သည့်အခါ ဧည့်နိုင်ငံသားနှင့် ဆိုင်သည့် အခြားအချက်အလက်များကို ဖြည့်စွက် ပေးရပါမည်။
လက်ထပ်ထိမ်းမြားခြင်းဖြင့် နိုင်ငံသားပြုခွင့်ရသူတစ်ဦး ဖြစ်ရန်မှာ -
• နိုင်ငံခြားသား မှတ်ပုံတင်ကဒ်ကို ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်ခင်က ရရှိပြီးသူ ဖြစ်ရမည်။
• ၁၉၈၂ ခုနှစ် အောက်တိုဘာလ မတိုင်ခင်က လက်ထပ်ပြီးသူ ဖြစ်ရမည်။
• သင့်ခင်ပွန်း (သို့) ဇနီးသည်သည် နိုင်ငံသား (သို့) နိုင်ငံသားပြုခွင့်ရသူ (သို့) ဧည့်နိုင်ငံသား ဖြစ်ရမည်။
• သင်သည် ထိုသူ၏ တဦးတည်းသော လင်ယောကျ်ား (သို့) ဇနီးမယား ဖြစ်ရမည်။
• လက်ထပ်ပြီးသည့် သက်တမ်း ၃ နှစ် ရှိရမည်။
• မြန်မာနိုင်ငံ၌ အနည်းဆုံး ၃ နှစ်နေထိုင်ပြီးသူ ဖြစ်ရမည်။


နိုင်ငံသားဖြစ်မှုဆိုင်ရာ

အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားမှုအတွက်


# နမူနာလျှောက်လွှာပုံစံများ



သင်တန်းသားများအတွက်သာ



သင်တန်းသားများအတွက်သာ



ဖွားသေပုံစံ ၁၀၃

အရှင်မွေးလက်မှတ်

ပြည်နယ်/တိုင်း

ခရိုင် မြို့နယ်

ဖွားသေမှတ်ပုံတင်သည့်နေရာ

စာအုပ်အမှတ်စဉ်

စာမျက်နှာအမှတ်

မှတ်ပုံတင်အမှတ်စဉ်

မှတ်ပုံတင်သည့်ရက်စွဲ

| | | |
|---|---|---|
| ကလေး၏ အကြောင်းအရာ | ၁။ အမည် | ၃။ မွေးဖွားသည့်ရက်စွဲနှင့် အချိန် |
| | ၂။ ကျား | ၄။ မွေးဖွားသည့်နေရာ |
| | မ | |
| ဖခင်၏ အကြောင်းအရာ | ၅။ အမည် | ၈။ ကိုးကွယ်သည့်ဘာသာ |
| | ၆။ လူမျိုး | ၉။ အလုပ်အကိုင် |
| | ၇။ နိုင်ငံသားနှင့်အမှတ် | |
| မိခင်၏ အကြောင်းအရာ | ၁၀။ အမည် | ၁၃။ ကိုးကွယ်သည့်ဘာသာ |
| | ၁၁။ လူမျိုး | ၁၄။ အလုပ်အကိုင် |
| | ၁၂။ နိုင်ငံသားနှင့်အမှတ် | ၁၅။ နေရပ်လိပ်စာ (အပြည့်အစုံ) |
| တိုင်ကြားသူ၏ အကြောင်းအရာ | လက်မှတ် | ကလေးနှင့်တော်စပ်ပုံ |
| | အမည် | လိပ်စာ |

အထက်ဖော်ပြပါ ကလေးသည် ဖော်ပြပါဒေသနှင့် အချိန်တွင် အမှန်မွေးဖွားပြီး ကျွန်ုပ်၏ လက်ဝယ်တွင် အ
ဒေသအတွက် တရားဝင်ထားရှိသည့် အရှင်မွေး မှတ်ပုံတင်စာအုပ်၌ အမှတ်စဉ် ---- ဖြင့် မှတ်ပုံတင်ပြီးကြောင်းသ
လက်မှတ်ရေးထိုးလိုက်သည်။

ဤသက်သေခံလက်မှတ်တွင် (၁) အကြောင်းအရာ လိမ်လည်ထည့်သွင်းသောသူ (၂) လိမ်လည်ထားမှန်းသိ
အမှန်ကဲ့သို့ အသုံးပြုသောသူများအား တရားစွဲဆိုလိမ့်မည်။

ဖွားသေမှတ်ပုံတင်အရာရှိ၏ လက်မှတ်
အမည်
ရာထူး

ရက်စွဲ / /

မှတ်ချက် ။ ။ မွေးဖွားမှု မှတ်ပုံတင်သည့်နေ့မှ (၁)နှစ်မပြည့်မီ မှည့်ခေါ်သော ကလေး၏ အမည်ကို မိဘ (သို့) အုပ်ထိန်း
ကလေးမွေးဖွားမှု မှတ်ပုံတင်ထားသည့် မှတ်ပုံတင်စာအုပ် လက်ဝယ်ထားသူ ဖွားသေမှတ်ပုံတင် အရာရှိထံသို့ အကြောင်းကြားရ

မွေးစာရင်း (အရှင်မွေးလက်မှတ်)

မွေးစာရင်း လျှောက်လွှာပုံစံ

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
လှိုင်သာယာမြို့နယ်။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ၊( )ရက်

အကြောင်းအရာ။ ။မွေးစာရင်းထုတ်ပေးပါရန် လျှောက်ထားခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊------------------ရပ်ကွက်၊------------------လမ်း

အိမ်အမှတ်၊ )နေ ကျွန်တော်-------------------- ၏ဇနီး ကျွန်မ -------------------- သည် သား/သမီး မွေးဖွားပေ

သဖြင့် မွေးစာရင်းထုတ်ပေးပါရန် လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

<u>ကလေး၏အကြောင်းအရာများ</u>

၁။ မွေးဖွားသည့် ရက်စွဲနှင့်နေရာ ။ ----------------------------------------
၂။ ကလေးအမည် ။ ----------------------------------------
၃။ ကျား၊ မ ။ ----------------------------------------
၄။ အဖအမည် ။ ----------------------------------------
၅။ အဖ၏လူမျိုး ။ ----------------------------------------
